ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၅ ခုနှစ်၊ ပြာသိုလဆန်း ၁၃ ရက်၊ အင်္ဂါနေ့။ Tuesday, 23 January 2024 ၁၁၃၄၉


**တစ်ခဏမျှပင် ပညာရှိကို ဆည်းကပ်**

လျှာသည် ချိုချဉ်ခါးဖန် အငန်အပေါ့ စသော ဟင်း၏ အရသာကို လျင်မြန်စွာ သိသကဲ့သို့ အလိမ္မာဉာဏ်ရှိသောသူသည် တစ်ခဏမျှပင် ပညာရှိကို ဆည်းကပ်ရမူ လျင်မြန်စွာ သူတော်ကောင်းတရားကို သိလေ၏။

ဗာလဝဂ်(ဓမ္မပဒ-၆၅)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့်ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



## ပုဂံဒေသအလှကို ကောင်းကင်ပေါ်မှလေ့လာနိုင်သည့် မီးပုံးပျံစီးနင်းသူများထဲတွင် ပြည်တွင်းခရီးသွားများ ပိုမိုများပြားလာ

ရန်ကုန် ဇန်နဝါရီ ၂၂

ပြည်တွင်း၊ ပြည်ပခရီးသွားများအကြား စိတ်ဝင်စားမှုများပြားသည့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေကို ကောင်းကင်ပေါ်မှ လေ့လာနိုင်သည့် မီးပုံးပျံကို စီးနင်းသူများထဲတွင် ယခုနောက်ပိုင်းကာလ၌ ပြည်တွင်းခရီးသွားများ ပိုမိုများပြားလာကြောင်း စုံစမ်းသိရှိရသည်။ မီးပုံးပျံကုမ္ပဏီများအနေဖြင့် စီးနင်းခများကို ဈေးလျှော့ပေးလာသည့်အတွက် ပြည်တွင်းခရီးသွားများ စီးနင်းမှုပိုမိုများပြားလာခြင်းဖြစ်ကြောင်းလည်း သိရသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ○



## မိတ္ထီလာခရိုင်၌ ဆောင်းနေကြာ စိုက်ဧက ၉၉၉၆ ဧက စိုက်ပျိုးနိုင်ခဲ့ရာ သတ်မှတ်လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်

မိတ္ထီလာ ဇန်နဝါရီ ၂၂

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဆောင်းနေကြာစိုက်ဧက ၉၉၉၆ ဧက စိုက်ပျိုးနိုင်ခဲ့ရာ သတ်မှတ်လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စာမျက်နှာ ၅ ကော်လံ ၄ သို့ ☆

### ယနေ့ ဖတ်စရာ


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် “(၅၂)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ” ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည့်ဂုဏ်ပြုမိန့်ခွန်း စာမျက်နှာ » ၃

မိုဘိုင်းငွေပေးချေမှုလမ်းကြောင်းများမှ တစ်ဆင့် ငွေကြေးလိမ်လည်မှုတားဆီးရေး အသိပညာပေးဆွေးနွေး စာမျက်နှာ » ၅

လူနှင့်တိရစ္ဆာန်ကျန်းမာရေး အပြန်အလှန်အကျိုးပြု အူတွင်းအကျုဇီဝပိုးကောင်ရေ တိုးမြှင့်ရေး စဉ်းစားဆောင်ရွက်ပေး ဆောင်းပါး စာမျက်နှာ » ၈

TNLA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က နမ့်ဆန်မြို့အဝင်ရှိ စေတီတစ်ဆူအား ဖြိုချဖျက်ဆီးပြီး ဌာပနာထည့်သွင်းပူဇော်ထားသည့် ရတနာများအား ယူဆောင်သွားမှုနှင့်ပတ်သက်၍ အဖွဲ့အစည်းအသီးသီးမှ ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း သဘောထား ထုတ်ပြန်ချက်များထုတ်ပြန် စာမျက်နှာ » ၁၂

ကြေးမုံ

# ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေး၊ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေးတို့ကို ဆောင်ရွက်ရာ၌ ကျန်းမာသန်စွမ်းသော လူသားအရင်းအမြစ်များလိုအပ်သည်။ တိုးတက်ကောင်းမွန်သော အနာဂတ်ကို တည်ဆောက်ရာတွင် ပညာအရည်အချင်းပြည့်ဝသည့် လူ့အရင်းအမြစ်များစွာလိုအပ်သည်။ ထိုအရင်းအမြစ်များကိုမွေးထုတ်ပေးနိုင်ရန်အတွက်ကျန်းမာရေးသည်အဓိကအကျဆုံးဖြစ်သည်။

ကျန်းမာကြံ့ခိုင်မှသာ ကောင်းမွန်စွာပညာသင်ကြားနိုင်၊ ကောင်းမွန်စွာအလုပ်လုပ်နိုင်ပြီး မိမိအကျိုး၊ နိုင်ငံ့အကျိုးကို သယ်ပိုးထမ်းဆောင်နိုင်မည်ဖြစ်သည်။ နိုင်ငံတော်အနေဖြင့် ပြည်သူများ ကျန်းမာရေးအတွက် "တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးနှင့်အကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး" လူမှုရေးဦးတည်ချက်ကို ချမှတ်ထားပြီး တစ်နိုင်ငံလုံးလွှမ်းခြုံကာ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။

မျက်မှောက်ကာလ၌ အများပြည်သူတို့ ကျန်းမာရေးစောင့်ရှောက်မှုကို ရယူကြရာ၌ ငွေကုန်ကြေးကျ များပြားမှုများနှင့် ကြုံတွေ့နေရသည်။ နာတာရှည်ရောဂါ၊ ရောဂါအကြီးအငယ်အလိုက် ကုန်ကျစရိတ်များရှိသည်။ သို့ဖြစ်၍ ကုန်ကျစရိတ်အနည်းဆုံးနှင့် အသက်သာဆုံးဆေးကုသမှုစနစ်မှာ နိုင်ငံတော်၏ ကျန်းမာရေးစောင့်ရှောက်ပေးမှုကဏ္ဍဖြစ်သည်။ ပြည်သူ့ကျန်းမာရေးဌာန၊ ပြည်သူ့ဆေးရုံကြီးများသည် အများပြည်သူကို အစဉ်အဆက် ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသည့်ဌာနများဖြစ်သည်။ အဆိုပါဌာနများကို နိုင်ငံတော်က နှစ်စဉ်မြှင့်တင်ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူဆောင်ရွက်သည့်ကာလတွင် ကျေးလက်ကျန်းမာရေးဌာနများနှင့် ကျန်းမာရေးဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးခြင်း၊ မကွေးမြို့ပြည်သူ့ဆေးရုံကြီး၊ မုံရွာမြို့ပြည်သူ့ဆေးရုံကြီး၊ ပြည်မြို့ပြည်သူ့ဆေးရုံကြီး၊ ဘားအံမြို့ပြည်သူ့ဆေးရုံကြီး၊ ပုသိမ်မြို့ပြည်သူ့ဆေးရုံကြီး၊ စဝ်စံထွန်းပြည်သူ့ဆေးရုံကြီးစသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ရှိ ဆေးရုံကြီးများ၏ ကုသဆောင်သစ်များဖွင့်လှစ်ပေးခြင်း၊ ဝေဘာဂီအထူးကုဆေးရုံကြီး၊ အရိုးရောဂါအထူးကုဆေးရုံကြီး(ရန်ကုန်)တို့တွင် တိုးချဲ့ကုသဆောင်များဖွင့်လှစ်ပေးခြင်း၊ ခုတင်(၅၀) ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံများတွင် နှစ်ထပ်ကုသဆောင်သစ်များ ဖွင့်လှစ်ပေးခြင်း၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနခွဲများ ဖွင့်လှစ်ပေးခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့သည်။

နိုင်ငံတော်က ကျန်းမာရေးကဏ္ဍကို နှစ်စဉ် မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသော်လည်း တိုးပွားလာသော လူဦးရေ၊ ထူပြောလာသောရောဂါအခြေအနေ၊ လိုအပ်လျက်ရှိသော အရင်းအမြစ်တို့ကြောင့် ပြည်သူ့ဆေးရုံများကို အားကိုးအားထားပြုကြသော ပြည်သူများအနေဖြင့် အခက်အခဲများ ရှိကောင်းရှိမည်ဖြစ်သည်။ "နိုင်ငံတော်အနေဖြင့် ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးနိုင်ရေး မည်မျှပင်စီမံဆောင်ရွက်ပေးနေသည်ဖြစ်စေ ပြည်သူများအနေဖြင့် ၎င်းအခွင့်အရေးများကို ခံစားနိုင်ရန် အနှောင့်အယှက်များ၊ အခက်အခဲများရှိနေမည်ဆိုပါက အကျိုးရှိနိုင်မည်မဟုတ်ကြောင်း" နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဇန်နဝါရီလ ၂၁ ရက်နေ့ ရန်ကုန်ပြည်သူ့ဆေးရုံကြီး ခုနစ်ထပ်ကုသဆောင်သစ်ဖွင့်ပွဲတွင် အသိပေးပြောကြားခဲ့သည်။

ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးရာ၌ ကြုံတွေ့လာရသော အခက်အခဲများ၊ စိန်ခေါ်မှုများကို ဝိုင်းဝန်းပူးပေါင်းလက်တွဲ ကျော်လွှားသွားကြရမည်ဖြစ်သည်။ အထူးသဖြင့် ဝေးလံသောဒေသများနှင့် နယ်မြို့များတွင် အခက်အခဲများရှိနိုင်ပေသည်။ ထို့ကြောင့် ပြည်သူများအနေဖြင့် ရောဂါအခြေအနေပေါ်မူတည်၍ လိုအပ်လာလျှင် ရန်ကုန်၊ မန္တလေးကဲ့သို့ မြို့ကြီးများတွင် သွားရောက်ဆေးကုသမှုခံယူလေ့ရှိသည်။ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသည် မြန်မာနိုင်ငံ၏ အကြီးဆုံးဆေးရုံကြီးဖြစ်ပြီး တစ်နိုင်ငံလုံးရှိပြည်သူများ အစဉ်အဆက် ခေတ်အဆက်ဆက် အားကိုးအားထားပြုရသည့် ဆေးရုံကြီးဖြစ်သည်။ ပြည်သူများ အားကိုးအားထားပြုနေကြသလို နိုင်ငံတော်အစိုးရအဆက်ဆက်တို့ကလည်း စဉ်ဆက်မပြတ် မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသည်။

၂၀၁၆ ခုနှစ်တွင် ခုတင်(၂၀၀၀)ဆံ့ ဆေးရုံကြီးအထိ တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ယခုအခါ ရန်ကုန်ဆေးရုံကြီးတွင် ခုနစ်ထပ်ဆောင်အသစ်ကြီးကို တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့သည်။ ရည်ရွယ်ချက်မှာ ခုတင်(၂၀၀၀)ဆံ့ရှိသည့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ပိုမိုများပြားလာသည့်လူနာများ စိတ်အေးချမ်းသာစွာဖြင့် ဆေးကုသမှုခံယူနိုင်ရန်နှင့် နိုင်ငံတကာအဆင့်မီ ဆေးကုသမှုများကို ပြည်သူများရရှိခံစားနိုင်ရန်အတွက် ထပ်မံဆောက်လုပ်ပေးခဲ့ခြင်းဖြစ်သည်။ အခက်အခဲအမျိုးမျိုးကြောင့် ကြန့်ကြာနေခဲ့သော ခုနစ်ထပ်ဆေးရုံသစ်ကြီးကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက်တွင် အမြန်ပြီးစီးအောင် ကြိုးပမ်းတည်ဆောက်ခဲ့သည်။

သို့ဖြစ်ရာ နိုင်ငံတစ်ဝန်းရှိ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်အတွက် နိုင်ငံတော်က စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိရာ ကြုံတွေ့လာရသော အခက်အခဲများ၊ အနှောင့်အယှက်များ၊ စိန်ခေါ်မှုများကို ဝိုင်းဝန်းလက်တွဲပူးပေါင်းကျော်လွှားလျက် တိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုအပြည့်အဝပေးနိုင်ရန်အတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။




## ၂၀၂၄ ခုနှစ်၊ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုကြီးထာဝစဉ်တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကာကွယ်စောင့်ရှောက်ရေး။

(၂) တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေးတို့ အပြည့်အဝရရှိစေရန်အတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၃) တိုင်းရင်းသားပြည်သူအားလုံး၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများနှင့် MSME အခန်းကဏ္ဍတို့ မြှင့်တင်ဆောင်ရွက်ရေး။

(၄) နိုင်ငံတော်၏အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာရေး တိုင်းရင်းသားအားလုံး ဝိုင်းဝန်းဆောင်ရွက်ရေး။

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၂ - ၁ -၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၈၀၀ | ၈,၇၀၀ | ၂,၉၅၉ | ၂၅,၇၆၄,၃၀၀ |
| MTSH | ၂,၉၀၀ | ၂,၉၀၀ | ၁၁,၄၆၁ | ၃၃,၁၈၁,၈၅၀ |
| MCB | ၇,၉၀၀ | ၇,၉၀၀ | ၅ | ၃၉,၅၀၀ |
| FPB | ၁,၅၅၀ | ၁,၆၀၀ | ၆၇၀ | ၁,၀၄၃,၇၅၀ |
| TMH | ၂,၄၀၀ | ၂,၄၀၀ | ၁ | ၂,၄၀၀ |
| EFR | ၁,၉၅၀ | ၂,၀၀၀ | ၂၇၅ | ၅၃၇,၂၅၀ |
| AMATA | ၄,၇၀၀ | ၄,၇၀၀ | ၂၂ | ၁၀၃,၄၀၀ |
| MAEX | ၁,၇၀၀ | ၁,၇၅၀ | ၂၄၉ | ၄၂၇,၂၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ညီညွတ်မှုဖြင့် ရှေ့သို့ချီ ပြည်ထောင်စုရဲ့ပန်းတိုင်ဆီ။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်မြသီတာနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် “(၅၂) ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ” ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည့် ဂုဏ်ပြုမိန့်ခွန်း

(၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်)

ဒီနေ့ကျင်းပပြုလုပ်တဲ့ “(၅၂)ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ” သို့ တက်ရောက်လာကြတဲ့ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်တွင်း/ပြည်ပ သုတေသနပညာရှင်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ၊ စိတ်၏ချမ်းသာခြင်း ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သလိုက်ပါတယ်။

ကျန်းမာရေးဝန်ကြီးဌာနမှ ကြီးမှူးကျင်းပတဲ့ ကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ ကျင်းပခဲ့တာ ယခု(၅၂) ကြိမ်တိုင်ခဲ့ပြီဖြစ်ပါတယ်။ ဒီညီလာခံတွေမှာ ကျန်းမာရေးဆိုင်ရာ သုတေသနပညာရှင်များရဲ့ ကြိုးပမ်းအားထုတ်မှုဖြင့် ထွက်ပေါ်လာသော သုတေသနရလဒ်များကို မီးမောင်းထိုးတင်ပြခွင့်ရပြီး ကျန်းမာရေးတွေ့ရှိချက် အသိပညာများကို ဆွေးနွေးခွင့်၊ ဖလှယ်ခွင့်ရရှိစေတဲ့ စင်မြင့် တစ်နေရာဖြစ်တဲ့အတွက် ကျန်းမာရေးဝန်ကြီးဌာန၏ ရည်မှန်းချက်ဖြစ်တဲ့ လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာနေနိုင်ရေးနှင့် လူတိုင်းရောဂါဘယ ကင်းရှင်းရေးဆိုတဲ့ ရည်မှန်းချက်နှစ်ရပ်ကို ပြည့်မီစေနိုင်ဖို့အတွက် များစွာအထောက်အကူ ဖြစ်စေခဲ့ပါတယ်လို့ သိရပါတယ်။

ကျန်းမာရေးဆိုင်ရာ သုတေသနများက ထွက်ပေါ်လာတဲ့ တိကျခိုင်မာတဲ့ ရလဒ်အခြေပြု သုတေသန တွေ့ရှိချက်များပေါ်မူတည်ပြီး ကျန်းမာရေးမူဝါဒလမ်းညွှန်ချက်များ၊ မှန်ကန်တိကျသော ခေတ်မီကုထုံးများကို ချမှတ်ဖော်ထုတ်နိုင်ခဲ့ပါတယ်။ အဲဒီလိုအခြေခံအချက်အလက်များ ဖော်ထုတ်ရန် ဆောင်ရွက်သော သုတေသနများဟာ အရည်အသွေးမြင့်မားတဲ့ သုတေသနကောင်းများ ဖြစ်ဖို့ လိုအပ်လှပါတယ်။ ဒီလိုအရည်အသွေး မြင့်မားဖို့အတွက် မှန်ကန်တဲ့သုတေသနနည်းပညာများကို အသုံးပြုဖို့လိုသလို သုတေသနကျင့်ဝတ်နဲ့ ညီညွတ်စွာဆောင်ရွက်ထားတဲ့ သုတေသနများဖြစ်ဖို့ အထူးလိုအပ်လှပါတယ်။

ဒီအချက်ကို မီးမောင်းထိုးပြဖို့ ယခုနှစ် (၅၂) ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံရဲ့ အဓိကသုတေသန ဦးတည်ချက်ခေါင်းစဉ်အဖြစ် “Enhancing Research Integrity and Research Ethics” “ခိုင်မာပြီး သုတေသနကျင့်ဝတ်နှင့်ပြည့်စုံသော သုတေသနကောင်းများကို တိုးမြှင့် ဆောင်ရွက်ကြပါစို့” လို့ သတ်မှတ်ထားပြီး ယင်းနှင့်ပတ်သက်တဲ့ ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲကို ကျန်းမာရေးဝန်ကြီးဌာနအောက်မှာ ဖွဲ့စည်းထားတဲ့ သုတေသနကျင့်ဝတ် ကော်မတီများမှ အတွေ့အကြုံရှိ ဝါရင့်သုတေသီပညာရှင်များမှ ဦးဆောင်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဒီလို သုတေသနကျင့်ဝတ်ဆိုင်ရာနည်းပညာများကို အတွေ့အကြုံဖလှယ်ရင်း ကျန်းမာရေးဝန်ကြီးဌာနအောက်မှာရှိတဲ့ သုတေသနကျင့်ဝတ်ကော်မတီများ



ပိုမိုအားကောင်းခိုင်မာစေရေးအတွက် ရလဒ်ကောင်းများ ပေါ်ထွက်လာမှာ ဖြစ်တယ်လို့ ယုံကြည်မိပါတယ်။

ဒါအပြင် ယနေ့ကမ္ဘာကြီးမှာ ပြောင်းလဲလာတဲ့ နေထိုင်စားသောက်မှုပုံစံများကြောင့် မကူးစက်တတ်သော ရောဂါများဖြစ်တဲ့ သွေးတိုး၊ ဆီးချို၊ အဝလွန်၊ ကင်ဆာစတဲ့ရောဂါများကို ကြိုတင်ကာကွယ်မှု၊ ထိရောက်စွာ ကုသနိုင်မှုအတွက် ရှေ့ဆက်ရမည့် ကျန်းမာရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်ပြီး ဝါရင့်သမားတော်ကြီးများ၊ ဆေးပညာရှင်များမှ ပါဝင်ဆွေးနွေးမည့် “မကူးစက်တတ်သော ရောဂါများ ကာကွယ်ခြင်း၊ ဖြစ်ပွားမှုလျော့ပါးအောင် ဆောင်ရွက်ခြင်းလုပ်ငန်းစဉ်များဆိုင်ရာ” ပညာရပ်ဆွေးနွေးပွဲကိုလည်း ကျင်းပမှာဖြစ်လို့ မကူးစက်နိုင်သော ရောဂါကာကွယ်တားဆီးရေးမှာ မှန်ကန်သော ကုထုံးများ ရရှိဖို့ အထောက်အကူကောင်းများ ရရှိမှာ မလွဲဖြစ်ပါတယ်။ ကင်ဆာရောဂါနှင့်ပတ်သက်ပြီး ပြည်တွင်း/ ပြည်ပမှ ပညာရှင်များပါဝင် ဆွေးနွေးမှာလည်း သိရပါတယ်။ ကင်ဆာနှင့်ပတ်သက်လို့ သုတေသနတွေ့ရှိချက်မြောက်မြားစွာအပေါ် အခြေခံကာ လေ့လာသုံးသပ်ပြီး ရေးဆွဲခဲ့တဲ့ ကျန်းမာရေးဝန်ကြီးဌာနမှ ကျွမ်းကျင်ပညာရှင်များရေးဆွဲခဲ့သည့် “Myanmar National Cancer Control Strategic Action Plan (2023–2027)” ကို မကြာသေးခင် ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်နေ့က အသိပေးမိတ်ဆက်ပေးခြင်း ဆောင်ရွက်နိုင်ခဲ့လို့ သုတေသနတွေ့ရှိချက်များ အရေးပါပုံကို မျက်ဝါးထင်ထင် တွေ့မြင်ရပါတယ်။

မကူးစက်နိုင်တဲ့ရောဂါများ အရေးပါသလို ကူးစက်နိုင်သောရောဂါများဖြစ်တဲ့ ကိုဗစ်ရောဂါ၊ ဆေးယဉ်ပါးတီဘီရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ၊ ငှက်ဖျားရောဂါတို့ကိုလည်း စဉ်ဆက်မပြတ် စောင့်ကြည့် သုတေသနပြုလုပ်နေဖို့လည်း လိုအပ်ပါတယ်။ ရောဂါကုထုံးသစ်များ၊ ကာကွယ်ဆေးများ ထုတ်ဖော်ဖို့ အရေးပါတဲ့အခြေခံအချက်အလက်များကို ဖော်ထုတ်နိုင်ဖို့အတွက် သုတေသနများကို စဉ်ဆက်မပြတ် ဆောင်ရွက်နေဖို့လိုအပ်ပါတယ်။ ဆေးသုတေသနဦးစီးဌာန (ရန်ကုန်ရုံးချုပ်) တွင် အဆင့်မြင့်မော်လီကျူး သုတေသနဌာန ဓာတ်ခွဲခန်း တည်ထောင်ခြင်းဟာ ယခု(၂၀၂၄) ခုနှစ် (၅၂)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံမှာဆိုရင် (၁၀)နှစ်ပြည့်မြောက်ခဲ့ပြီလို့ သိရပါတယ်။ ဒီဓာတ်ခွဲခန်းကို ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ အထောက်အပံ့နဲ့ ၂၀၁၄ ခုနှစ်တွင် တည်ဆောက်ခဲ့ပြီး ဓာတ်ခွဲခန်း တည်ထောင်ခြင်းရဲ့ ရည်ရွယ်ချက်မှာ ခေတ်မီနည်းပညာနဲ့ ဓာတ်ခွဲခန်းဆိုင်ရာ အထောက်အကူပြုပစ္စည်းများအသုံးပြုပြီး ကူးစက်နိုင်သော ရောဂါသုံးမျိုးဖြစ်သည့် (ငှက်ဖျား၊ အသည်းရောင်အသားဝါ၊ တီဘီ) ဆိုင်ရာ သုတေသနစွမ်းရည်ကို အားကောင်းလာစေရန်နှင့် မြန်မာပြည်သူများအတွက် ကူးစက်နိုင်သော ရောဂါများနှင့် ကျန်းမာရေးစောင့်ရှောက်မှုစနစ် ပိုမိုကောင်းမွန်လာစေရန် အထောက်အကူဖြစ်စေရန်တို့ ဖြစ်ပါတယ်။ ဓာတ်ခွဲခန်းတွင် အဆင့်မြင့်ဓာတ်ခွဲခန်းနည်းပညာ အသုံးပြုထားသော ဇီဝလုံခြုံမှု အဆင့်(၂) အထက်ရှိ ဓာတ်ခွဲခန်းပါဝင်ပြီး သုတေသီများနှင့် နည်းပညာရှင်များအား ရက်ရှည် လေ့ကျင့်သင်ကြားပေးခဲ့တဲ့အတွက် မြန်မာနိုင်ငံမှာ ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း အဆင့်မြင့် မော်လီကျူး သုတေသနစင်တာသည် အရေးပါတဲ့ အခန်းကဏ္ဍမှာ ပါဝင်ဆောင်ရွက်နိုင်ခဲ့တယ်လို့ သိရပါတယ်။

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ မျိုးကွဲများ၏ မျိုးရိုးဗီဇများကို ရှာဖွေဖော်ထုတ် စမ်းသပ် လေ့လာသုံးသပ်ခြင်းများကို အစဉ်တစိုက် လုပ်ဆောင်နေပြီး ယခုအခါ ကိုဗစ်-၁၉ မျိုးကွဲဗီဇစိစစ်ခြင်း စမ်းသပ်မှုပေါင်း (၃၀၀)ကျော်ကို ဆေးသုတေသနဦးစီးဌာနတွင် ပြုလုပ်ခဲ့ပြီးဖြစ်တယ်လို့ သိရပါတယ်။ မြန်မာနိုင်ငံအတွင်း ပျံ့နှံ့လျက်ရှိသော ကိုဗစ်-၁၉ မျိုးကွဲဆိုင်ရာ အချက်အလက်များကို အများပြည်သူ သိရှိစေရန် ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းမျှဝေခဲ့တယ်လို့ သိရတဲ့အတွက်လည်း ဂုဏ်ယူမိပါတယ်။

ရာစုနှစ် တစ်ခုကျော်အကြာမှာ ဖြစ်ပွားခဲ့တဲ့ ကမ္ဘာ့ကပ်ရောဂါဖြစ်တဲ့ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်ပြီး မှတ်တမ်းမှတ်ရာများ နောင်လာနောက်သားများသိရှိစေဖို့အတွက် ရည်ရွယ်ကာ ကျန်းမာရေးဝန်ကြီးဌာနနှင့် တပ်မတော်ဆေးသုတေသနတပ်မှ သုတေသီများ ပူးပေါင်းပြီး ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ဆိုင်ရာ သုတေသနလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ခဲ့ကြတယ်လို့ သိရှိရပါတယ်။ အဲဒီသုတေသနလုပ်ငန်းက ထွက်ပေါ်လာတဲ့ သုတေသနရလဒ် စာတမ်းများကို ယခုညီလာခံမှာ တင်သွင်းဖတ်ကြားမယ်ဆိုတာ သိရှိရတာကြောင့်မို့လို့ ဝမ်းမြောက်ဂုဏ်ယူမိပါတယ်။

အရေးပါသော ကူးစက်ရောဂါတစ်ခုဖြစ်တဲ့ တီဘီရောဂါနဲ့ပတ်သက်ပြီး ဆေးယဉ်ပါးတီဘီရောဂါအတွက် ကုထုံးသစ်တစ်မျိုးကို သုတေသနပြုလုပ်ပြီး လူနာများတွင် လက်တွေ့အသုံးပြု ကုသမှုများ ဆောင်ရွက်လျက်ရှိတယ်လို့ သိရှိရပါတယ်။ ဒီဆေးယဉ်ပါးတီဘီအတွက် သုတေသန တွေ့ရှိချက်များနှင့် ပတ်သက်ပြီး မြန်မာနိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံမှ သုတေသနပညာရှင်များ ပါဝင်ဆွေးနွေးမယ့် ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ ကျင်းပသွားမှာလို့လည်း သိရှိရပါတယ်။

ဆေးနှင့် ဆေးနီးနွယ် တက္ကသိုလ်/ကျောင်းများတွင် အရည်အသွေးအာမခံမှုစနစ် တိုးမြှင့်အကောင်အထည် ဖော်ဆောင်နိုင်ရန် ရည်ရွယ်၍ အရည်အသွေးအာမခံမှုဆိုင်ရာ လုပ်ငန်းစဉ်များ၊ ပူးပေါင်းဆောင်ရွက်မှုများနှင့် ပတ်သက်သော ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ ထည့်သွင်းထားကြောင်းလည်း သိရှိရပါတယ်။

ဒီနှစ် (၅၂) ကြိမ်မြောက်မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံကို ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၂၂ ရက်နေ့မှ ၂၆ ရက်နေ့အထိ(၅)ရက်တိုင်တိုင် ကျင်းပမှာဖြစ်ပြီး သုတေသနစာတမ်း ၅၈ စောင်နှင့် သုတေသနပိုစတာ ၅၁ စောင်တို့ကို တင်သွင်း ဖတ်ကြားပြသသွားမှာလို့ သိရပါတယ်။ ကျန်းမာရေး ကဏ္ဍအသီးသီးမှ သုတေသနကောင်းများ ပေါ်ထွက်လာစေဖို့ သုတေသန ထောက်ပံ့ကြေးများကို ကျန်းမာရေးဝန်ကြီးဌာနသည် သုတေသန ရန်ပုံငွေ အထောက်အပံ့ပေးခဲ့တာဟာ ယခု(၂၀၂၃-၂၀၂၄) ဘဏ္ဍာနှစ်တွင် ကျန်းမာရေးဝန်ကြီးဌာနနှင့် နီးနွယ်ဝန်ကြီးဌာနများမှ သုတေသီများအား သုတေသနစီမံချက် ၂၀၁ ခု ဆောင်ရွက်နိုင်ရန်အတွက် ခွင့်ပြုငွေကျပ် သန်း ၁၁၀၀ ကျော် ခွဲဝေချထားပေးပြီး သုတေသနများ ဆောင်ရွက်လျက် ရှိကြောင်း သိရှိရပါတယ်။

ညီလာခံကြီးကို အောင်မြင်စွာ ကျင်းပနိုင်ရန် လုပ်ငန်းတာဝန်များ သတ်မှတ်၍ စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြတယ်လို့ သိရှိတဲ့အတွက် ညီလာခံကျင်းပရေး ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများဖြစ်သော စာတမ်းကြီးကြပ်ရေးဆပ်ကော်မတီ၊ သုတေသနစာတမ်းနှင့် ပိုစတာဖတ်ကြားတင်သွင်းရေးနှင့် အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီ၊ အကောင်းဆုံး စာတမ်းဆုရွေးချယ်ရေးဆပ်ကော်မတီ၊ ပြန်ကြားရေးနှင့် အထောက်အကူပြုဆပ်ကော်မတီတို့မှ တာဝန်ရှိသူများနှင့် စာတမ်း၊ ပိုစတာများ ဖတ်ကြားတင်သွင်းသူ သုတေသီများ၊ ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲများတွင် ပါဝင်ဆွေးနွေးကြသူ ပြည်တွင်း/ပြည်ပပညာရှင်များကိုလည်း မှတ်တမ်းတင် ချီးကျူးပါကြောင်း အလေးထားထည့်သွင်းပြောကြားလိုပါတယ်။

နိဂုံးချုပ်အနေဖြင့် (၅၂) ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသန ညီလာခံကြီးကို ကျင်းပခြင်းဖြင့် **စာမျက်နှာ ၄ သို့** ✪

**“မကူးစက်နိုင်တဲ့ရောဂါများ အရေးပါသလို ကူးစက်နိုင်သော ရောဂါများဖြစ်တဲ့ ကိုဗစ်ရောဂါ၊ ဆေးယဉ်ပါးတီဘီရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ၊ ငှက်ဖျားရောဂါတို့ကိုလည်း စဉ်ဆက်မပြတ် စောင့်ကြည့်သုတေသနပြုလုပ်နေဖို့လည်း လိုအပ်ပါတယ်။ ရောဂါကုထုံးသစ်များ၊ ကာကွယ်ဆေးများ ထုတ်ဖော်ဖို့ အရေးပါတဲ့အခြေခံအချက်အလက်များကို ဖော်ထုတ်နိုင်ဖို့အတွက် သုတေသနများကို စဉ်ဆက်မပြတ် ဆောင်ရွက်နေဖို့ လိုအပ်ပါတယ်”**

## ပြည်ထောင်စုဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ်၊ ၇ / ၂၀၂၄**

၁၃၈၅ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက်
(၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်)

### ပြည်ထောင်စုဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးအောင်ကျော်ဟိုး အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၃) ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ်၊ ၈ / ၂၀၂၄**

၁၃၈၅ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက်
(၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်)

### ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဗိုလ်ချုပ်ခွန်သန့်ဇော်ထူး အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၄) ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

# (၅၂)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ ဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၂**

(၅၂)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ ဖွင့်ပွဲအခမ်းအနားကို ဆေးသုတေသနဦးစီးဌာန အမှတ်(၅) ဇီဝကလမ်း ဒဂုံမြို့နယ် ရန်ကုန်မြို့၌ ယနေ့နံနက်ပိုင်းက ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာအေးထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က Video Messageပေးပို့၍ဂုဏ်ပြုမိန့်ခွန်းပြောကြားသည်။

**( နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်၏ ဂုဏ်ပြုမိန့်ခွန်းကို စာမျက်နှာ– ၃ တွင်ဖော်ပြထားပါသည်။)**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက အမှာစကားပြောကြားရာတွင် ယခုနှစ်ကျင်းပသည့် ညီလာခံကို "ခိုင်မာပြီး သုတေသနကျင့်ဝတ်နှင့် ပြည့်စုံသော သုတေသနကောင်းများကိုတိုးမြှင့်ဆောင်ရွက်ကြပါစို့– Enhancing Research Integrity and Research Ethics" ဟု သတ်မှတ်ထားရှိပါကြောင်း၊ ယခုနှစ် သုတေသနညီလာခံတွင် ဆေးသုတေသနဦးစီးဌာန (ရန်ကုန်ရုံးချုပ်) ရှိ အဆင့်မြင့် မော်လီကျူး သုတေသနစင်တာ (Advanced Molecular Research Centre) ၏ (၁၀) နှစ်ပြည့် အထိမ်းအမှတ်အတွက် ဂုဏ်ပြုအမှတ်တရ အစီအစဉ်တစ်ခု ပါဝင်သည်ဟု သိရှိရကြောင်း။

ညီလာခံသို့ တင်သွင်းမည့်စာတမ်းများတွင် ကိုဗစ်ကပ်ရောဂါနှင့်ပတ်သက်သည့် မြန်မာနိုင်ငံ၌ ရင်ဆိုင်တွေ့ကြုံခဲ့ရသော ကိုဗစ်ကပ်ရောဂါဆိုင်ရာ ပြည်သူလူထု၏ ကျန်းမာရေးအသိပညာ၊ ရောဂါကာကွယ်မှုနှင့် ကာကွယ်ဆေးထိုးနှံမှုအခြေအနေများ၊ ကူးစက်နိုင်သောဆေးယဉ်ပါးတီဘီရောဂါဆိုင်ရာ သုတေသနစာတမ်းများ၊ မကူးစက်တတ်သော ရောဂါများအားကာကွယ်ခြင်း၊ ထိန်းချုပ်ခြင်းဆိုင်ရာဆွေးနွေးပွဲများ၊ ကျန်းမာရေးဝန်ကြီးဌာန လက်အောက်ရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကုသရေးဦးစီးဌာန၊ ဆေးသုတေသနဦးစီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာန လက်အောက်ရှိတပ်မတော်ဆေးသုတေသနတပ်မှ သုတေသီများဆောင်ရွက်ခဲ့သည့် သုတေသနစာတမ်းများပါဝင်သည်ကို တွေ့ရှိရကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနသည် သုတေသနများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခုဘဏ္ဍာရေးနှစ်တွင် ကျန်းမာရေးဝန်ကြီးဌာနနှင့် နီးနွှယ်ဝန်ကြီးဌာနများမှ သုတေသီများအား အသုံးချ သုတေသနလုပ်ငန်းများ လုပ်ဆောင်နိုင်ရေးအတွက် သုတေသနစီမံချက် ၂၀၁ ခုအတွက် ခွင့်ပြုငွေကျပ်သန်း ၁၁၀၀ ကျော် ခွဲဝေချထားပေးခဲ့ပြီးဖြစ်ကြောင်း။

သုတေသနညီလာခံသည် သုတေသနပညာရှင်များ၊ ဆေးပညာရှင်များ၊ စီမံခန့်ခွဲသူများက သုတေသနရလဒ်နှင့် တွေ့ရှိချက်များကို ၎င်းတို့၏ အတွေ့အကြုံနှင့် အသိပညာများကို အခြေပြု၍ သုံးသပ်ချက်များ၊ အကြံပြုချက်များအား မျှဝေရာနေရာလည်းဖြစ်ခြင်းကြောင့် မူဝါဒ၊ စီမံခန့်ခွဲမှု၊ လုပ်ငန်းဆောင်ရွက်မှုနှင့် အမျိုးသားကျန်းမာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုများအတွက် များစွာအရေးကြီးလှသဖြင့် သုတေသနပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ဆက်လက်ပံ့ပိုးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ပါမောက္ခဒေါက်တာ ဇော်သန်းထွန်း က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။




ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း (၅၂) ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သုတေသနပိုစတာ ပြပွဲကို လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ ပထမနေ့နံနက်ပိုင်းအစီအစဉ်အဖြစ် ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာအေးထွန်းက သဘာပတိအဖြစ် ဆောင်ရွက်ပြီး ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားမှုဆိုင်ရာ သုတေသနစာတမ်း၊ ဦးနှောက်ရောင်ရောဂါဖြစ်ပွားမှု အကြောင်းရင်း၊ ရောဂါလက္ခဏာများ၊ ဓာတ်ခွဲဓာတ်မှန်စမ်းသပ်မှုနှင့် ရောဂါဖြစ်စဉ်များအား လေ့လာသော သုတေသနစာတမ်း၊ မြန်မာနိုင်ငံ လက်ရွေးစင်အားကစားသမားများအကြားတွင် ကျန်းမာရေးအတွက် အန္တရာယ်ဖြစ်စေနိုင်သော အပြုအမူများ ဖြစ်ပေါ်ပျံ့နှံ့မှုများအား လေ့လာခြင်း သုတေသနစာတမ်းများကို ဖတ်ကြားတင်ပြကြပြီး တက်ရောက်လာသော ပညာရှင်များ၊ သုတေသီများက သိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။ ထို့နောက် ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားပြီး နံနက်ပိုင်းစာတမ်းဖတ်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မွန်းလွဲပိုင်းတွင် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (Korea International Cooperation Agency– KOICA)က ဆောက်လုပ်လှူဒါန်းခဲ့သော ဆေးသုတေသနဦးစီးဌာန (ရန်ကုန်ရုံးချုပ်)ရှိ အဆင့်မြင့်မော်လီကျူးသုတေသနစင်တာ (Advanced Molecular Research Centre) ၏(၁၀)နှစ်ပြည့် အထိမ်းအမှတ်အတွက် ဂုဏ်ပြုအမှတ်တရ အစီအစဉ်ကိုကျင်းပသည်။

ယင်းအစီအစဉ်တွင် ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်းနှင့် ကိုရီးယားနိုင်ငံတို့မှ အပြည်ပြည်ဆိုင်ရာ တီဘီရောဂါသုတေသနစင်တာဥက္ကဋ္ဌ ဒေါက်တာ Sundae Song တို့က ကြိုဆို နှုတ်ခွန်းဆက်စကားပြောကြားကာ ဂုဏ်ပြုဗီဒီယိုကလစ်ကို ဖွင့်လှစ်ပြသသည်။

ဆက်လက်၍ ကူးစက်နိုင်သောရောဂါတစ်ခုဖြစ်သည့် ဆေးယဉ်ပါးတီဘီရောဂါအတွက် သုတေသနတွေ့ရှိချက်များနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံနှင့် ကိုရီးယားနိုင်ငံတို့မှ သုတေသနပညာရှင်များပါဝင်ဆွေးနွေးကြသည့် "Myanmar–Korea Joint Symposium (2024)– Combating Drug–Resistant Tuber culosis"ပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲကို ကျင်းပသည်။

ယခုနှစ်တွင် ကျန်းမာရေးဝန်ကြီးဌာန လက်အောက်ရှိ ဦးစီးဌာနများ၊ တက္ကသိုလ်များ၊ နီးနွှယ်ဝန်ကြီးဌာနများရှိ သုတေသီပညာရှင်များ၏ အခြေခံသုတေသနစာတမ်း ၂၃ စောင်၊ အသုံးချသုတေသနစာတမ်း ၂၂ စောင်၊ ကျန်းမာရေးစနစ်သုတေသနစာတမ်း ၁၃ စောင်၊ သုတေသနပိုစတာ ၅၁ စောင် စုစုပေါင်း စာတမ်း ၁၀၉ စောင်တို့ကို တင်သွင်းဖတ်ကြားပြသကြမည်ဖြစ်သည်။

ယင်းတင်သွင်းမည့်စာတမ်းများတွင် ကိုဗစ်–၁၉ ရောဂါ၊ ကင်ဆာရောဂါ၊ တီဘီရောဂါ၊ အသည်းရောဂါ၊ ဦးနှောက်နှင့်ဦးနှောက်အမြှေးရောင်ရောဂါ၊ မြွေဆိပ်၊ သွေးလွန်တုပ်ကွေး၊ ရိုတာဗိုင်းရပ်(စ်)၊ ငှက်ဖျားရောဂါ၊ ဆင်တုပ်ကွေးရောဂါ၊ တိုင်းရင်းဆေး၊ သွားဘက်ဆိုင်ရာ၊ အားကစားဆိုင်ရာ၊ ဆေးဝါးဗေဒဆိုင်ရာ၊ အာဟာရဆိုင်ရာ၊ ကိုယ်ဝန်စောင့်ရှောက်မှုဆိုင်ရာ၊ သူနာပြုများ၏ ဆေးရုံကျင့်ဝတ်ဆိုင်ရာ၊ ဆေးပညာသင်ကြားရေးနှင့် အကဲဖြတ်နည်းဆိုင်ရာ သုတေသနများနှင့်ပတ်သက်သော သုတေသနစာတမ်းများ ပါဝင်မည်ဖြစ်သည်။

ညီလာခံသို့ တင်သွင်းလာသည့်စာတမ်းများမှ အခြေခံသုတေသန (Basic Research) စာတမ်းဆုများ၊ လက်တွေ့အသုံးချသုတေသန (Applied Research) စာတမ်းဆုများ၊ ကျန်းမာရေးစနစ် သုတေသန (Health Systems Research) စာတမ်းဆုများ၊ ပိုစတာစာတမ်းဆုများနှင့် လူငယ်သုတေသီဆုများကို စာတမ်းဆုရွေးချယ်ရေးဆပ်ကော်မတီက စိစစ်ရွေးချယ်၍ ဆုများချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

❂ စာမျက်နှာ ၃ မှ

ညီလာခံ၏ ရည်ရွယ်ချက်များဖြစ်သော ကျန်းမာရေးဆိုင်ရာ သုတေသန ဆောင်ရွက်ခြင်းဖြင့် ကျန်းမာရေးဆိုင်ရာ ပညာရပ်များ တိုးတက်လာပြီး ကျန်းမာရေးစောင့်ရှောက်မှု အဆင့်အတန်းမြင့်မားလာစေရန်နှင့် သုတေသနတွေ့ရှိချက်များကို လက်တွေ့အသုံးချမည့် သက်ဆိုင်ရာ ကျန်းမာရေးပညာရှင်များ သိရှိဆွေးနွေးနိုင်စေရန်ဆိုတဲ့ ရည်ရွယ်ချက်များပြည့်မီရုံမက ရရှိလာသော အထောက်အထားခိုင်မာသော သုတေသနရလဒ်များသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လူမှုရေးဦးတည်ချက်တစ်ခုဖြစ်တဲ့ "တစ်မျိုးသားလုံးသက်ရှည် ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး" ကို ပံ့ပိုးမည့်ရလဒ်ကောင်းများ ရရှိမည်ဟု ယုံကြည်ပါကြောင်းနှင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းပြီး သုတေသနကျင့်ဝတ်နှင့် ပြည့်ဝသော အရည်အသွေးမီသုတေသနကောင်းများ အစဉ်တစိုက် ဆောင်ရွက်နိုင်ရေးအတွက် သုတေသီပညာရှင်များက မလျှော့သော ဇွဲဖြင့် အားသွန်ခွန်စိုက် ကြိုးပမ်းကြစေလိုကြောင်း ဆန္ဒပြုဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်အပ်ပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။

## နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပထမဖောင်းရစ်အား ရွှေစင်ရွှေပြားများ ဆက်ကပ်လှူဒါန်းနိုင်

**နေပြည်တော် ဇန်နဝါရီ ၂၂**

နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပထမဖောင်းရစ်အား ရွှေစင်ရွှေပြားများ ဆက်ကပ်လှူဒါန်းနိုင်ရေးအတွက် ရွှေစင်ရွှေပြားတစ်ချပ် (အရွယ် တစ်ပေ x တစ်ပေ) အလေးချိန် ရွှေတစ်ကျပ်သားအတွက် ငွေကျပ် ၂၅၀၀၀၀၀ ဖြင့် သဒ္ဓါတတ်အားနည်းများမဆို ကုသိုလ်ပါဝင်လှူဒါန်းနိုင်ပါရန်နှင့် ကုသိုလ်ပါဝင်လှူဒါန်းလိုပါက ပျဉ်းမနားမြို့ မြန်မာ့စီးပွားရေးဘဏ် ရွှေသက်န်းငွေစာရင်းအမှတ် CF.000873 သို့ ပေးပို့၍ ကုသိုလ်ပါဝင်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။ လှူဒါန်းလိုပါက ဦးမောင်မောင် ဒုတိယမြို့တော်ဝန် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဖုန်း ၀၉-၄၀၄၄၃၄၄၉၉ နှင့် ဦးထွန်းကြည် ဂေါပကအဖွဲ့ဝင် ဥပ္ပါတသန္တိစေတီတော် ဖုန်း ၀၉-၅၁၃၅၆၉၈ တို့ထံ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## တရားမအထူးအယူခံမှု လေးမှု ရုံးထိုင်ကြားနာ

**နေပြည်တော် ဇန်နဝါရီ ၂၂**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးမျိုးမောင်၊ ဒေါ်ခင်မေရီ၊ ဒေါ်သင်းသင်းနွဲ့၊ ဒေါ်ပြုံးပြုံးအေး တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ တရားမအထူးအယူခံမှုအမှတ် ၄၇/၂၀၂၂ (မကွေး)၊ ၁၀/၂၀၂၃ (တနင်္သာရီ)၊ ၂၅/၂၀၂၃ (ကချင်)၊ ၂၆/၂၀၂၃ (မန္တလေး) စုစုပေါင်း တရားမအထူးအယူခံမှု လေးမှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မိုဘိုင်းငွေပေးချေမှုလမ်းကြောင်းများမှတစ်ဆင့် ငွေကြေးလိမ်လည်မှုတားဆီးရေး အသိပညာပေးဆွေးနွေး





**နေပြည်တော် ဇန်နဝါရီ ၂၂**

ဘဏ်များနှင့် ငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများ ပူးပေါင်း၍ အများပြည်သူသို့ မိုဘိုင်းငွေပေးချေမှုလမ်းကြောင်းများမှတစ်ဆင့် ငွေကြေးလိမ်လည်မှုတားဆီးရေး အသိပညာပေးဆွေးနွေးပွဲအခမ်းအနားကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဦးဆောင်၍ ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Hilton Hotel Grand Ballroom ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများ၊ မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများ ကြီးကြပ်မှုကော်မတီ အဖွဲ့ဝင်များ၊ ဘဏ်များ၊ မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများ၊ ရောင်းချသူကိုယ်စား ငွေကောက်ခံရှင်းလင်းသည့် ဝန်ဆောင်မှုလုပ်ငန်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ပုဂ္ဂလိကလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ၂၁ ရာစုအစောပိုင်း၌ ခေတ်မီနည်းပညာများ နေ့စဉ်နှင့်အမျှ တိုးတက်ဖြစ်ပေါ်လျက်ရှိပြီး လူမှုရေး၊ စီးပွားရေးတို့တွင် Social Media များမှတစ်ဆင့် အွန်လိုင်းအသုံးပြုမှုများ များပြားလာသည်နှင့်အမျှ အွန်လိုင်းစနစ်၏ လုံခြုံရေးကို သိရှိနားလည်ထားရန် လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် အွန်လိုင်းလိမ်လည်မှု ၂၀၂၁ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း အမှုပေါင်း ၄၈၂ မှု ရှိခဲ့ပါကြောင်း၊ နိုင်ငံခြားသားများပါဝင်သည့် ငွေကြေးလိမ်လည်မှုမှာ Social Media များမှတစ်ဆင့်ချိတ်ဆက်၍ ရင်းနှီးမှုရယူ၍ တန်ဖိုးကြီးဥစ္စာပစ္စည်းများ ပေးပို့ဟန်ဆောင်ပြီး ဆွဲဆောင်လိမ်လည်ကြခြင်းဖြစ်ပြီး အဆိုပါလိမ်လည်မှုတွင် ပါဝင်သည့် နိုင်ဂျီးရီးယားနိုင်ငံသား ၂၃ ဦး၊ ထိုင်းနိုင်ငံသား တစ်ဦးနှင့် မြန်မာနိုင်ငံသား ၅၉ ဦးကို အရေးယူနိုင်ခဲ့ပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဆက်သွယ်ရေးကွန်ရက်မှတစ်ဆင့် ငွေကြေးလိမ်လည်မှုများနှင့် စပ်လျဉ်း၍ တားဆီးကာကွယ်ရန် သတင်းအချက်အလက် ရယူခြင်းနှင့် စစ်ဆေးဖော်ထုတ် အရေးယူခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း (SOP)များကို ထုတ်ပြန်ခဲ့ပြီးဖြစ်ပါကြောင်း၊ အဆိုပါညွှန်ကြားချက်များနှင့်အညီ မိုဘိုင်းငွေရေးကြေးရေး လိမ်လည်မှုများအား ကာကွယ်တားဆီးနိုင်ရန်နှင့် မိုဘိုင်းငွေကြေး လိမ်လည်မှုများနှင့်စပ်လျဉ်းပြီး အများပြည်သူသို့ အသိပညာပေးရန် ကိစ္စရပ်များ၊ သက်ဆိုင်ရာ ကဏ္ဍအလိုက် ပူးပေါင်း ဆောင်ရွက်ပေးနိုင်မည့် အစီအစဉ်များ၊ ကြုံတွေ့နေရသည့် အခက်အခဲများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန်အတွက် တက်ရောက်လာသူများက ပါဝင်ဆွေးနွေးခြင်းဖြင့် မသမာသူများက လိမ်လည်မှုများ ကျူးလွန်သည့်နေရာတွင် မိုဘိုင်းငွေပေးချေမှု လမ်းကြောင်းများကို အသုံးပြုလာမှုအပေါ် နည်းပညာမြင့်တင်ကာကွယ်ပေးနိုင်ရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်မှုဖြင့် ဖွဲ့စည်းထားသည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဦးဆောင်သော ဆက်စပ်ဝန်ကြီးဌာနများ ပူးပေါင်းဆောင်ရွက်မှု အားကောင်းစေရန် မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများ ကြီးကြပ်မှုကော်မတီဖွဲ့စည်းပေးပြီး ဘဏ်နှင့် မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုများကို အသုံးပြု၍ လိမ်လည်မှုဖြစ်စဉ်ကို တိုင်ကြားလာပါက ဆောင်ရွက်ရမည့် စံလုပ်ငန်းစဉ်များဆိုင်ရာ လမ်းညွှန်ချက် (SOP) များအတိုင်း လိုက်နာဆောင်ရွက်၍ ငွေကြေး လိမ်လည်မှုများအား အချိန်မီ တားဆီးနိုင်ရေးနှင့် အရေးယူမှု မြန်ဆန်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ (Action Task Force) ဖွဲ့စည်းရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ကြီးကြပ်ကွပ်ကဲမှုအပိုင်းက ဥပဒေ စည်းမျဉ်း စည်းကမ်းများနှင့်အညီ မိုဘိုင်းငွေရေးကြေးရေး လုပ်ငန်းများ စနစ်တကျ ကျယ်ပြန့်စွာ အသုံးပြုနိုင်ရန် ဆောင်ရွက်ပေးနေသကဲ့သို့ ပြည်သူများအနေဖြင့်လည်း မိမိ၏ငွေကြေးများကို လိမ်လည်မှုမခံရစေရေး မိမိတို့ကိုယ်တိုင်ကာကွယ်ရန်နှင့် အစိုးရဌာနများနှင့် ပူးပေါင်းဆောင်ရွက်သွားရန်လိုအပ်ကြောင်း ပြောကြားသည်။

**ဆွေးနွေးညှိနှိုင်း**

ဆွေးနွေးပွဲတွင် အသိပညာပေး အစီအစဉ်အနေဖြင့် မိုဘိုင်းငွေကြေးစနစ် လုံခြုံမှုရှိစေရန်အတွက် မရှိမဖြစ်သိသင့်သော အကြောင်းအရာများနှင့် ကျင့်သုံးဆောင်ရွက်နိုင်မည့် နည်းလမ်းကောင်းများကို အပြန်အလှန်ဆွေးနွေးညှိနှိုင်းခြင်း၊ ပညာပေးဗီဒီယိုပြသခြင်းများ ဆောင်ရွက်သည်။ ထို့နောက် မြန်မာ့သတင်းအချက်အလက် လုံခြုံရေးအသင်း၏ ပူးတွဲတည်ထောင်သူ ဦးရဲသူရသက်က အွန်လိုင်းလိမ်လည်မှု နည်းပရိယာယ်များ၊ နည်းပညာများနှင့် လုပ်ကိုင်နည်းများကို သုံးသပ်တင်ပြခြင်းနှင့် နေ့စဉ်နှင့်အမျှ ဂရုပြုသင့်သော မိုဘိုင်းငွေကြေးလုံခြုံမှုဆိုင်ရာ အကြောင်းအရာများ၊ လိမ်လည်မှုဆိုင်ရာ နည်းပညာများ၊ မိမိကိုယ်ကို ကာကွယ်နိုင်မည့် နည်းလမ်းများကို အပြန်အလှန်စကားဝိုင်းဖြင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ဒုတိယညွှန်ကြားရေးမှူး ဦးရာဇာလင်း၊ ပြည်ထဲရေးဝန်ကြီးဌာနမှ ရဲမှူးကြီးညွန့်ဝေ၊ ကမ္ဘောဇဘဏ်လီမိတက်မှ ဦးစိုးကိုကို၊ Wave Money မှ ဒေါ်ခိုင်ဝေသွယ်၊ City Mart Holding Limited မှ ဦးငြိမ်းချမ်းစိုးဝင်း၊ Lady Grace Online Shop Owner ဒေါ်ဝေသက်မွန်တို့ကဆွေးနွေးကြသည်။

**သတင်းစဉ်**

---

**○ ရှေ့ဖုံးမှ**

"မီးပုံးပျံတွေကလည်း အရင်တုန်းကဆို တစ်ယောက်ကို ကျပ်သုံးသိန်းခွဲလောက်ပေးရတာ။ ပြည်ပကဝင်လာတဲ့ ဧည့်သည်တွေပဲစီးနိုင်တာ။ အခုကတော့ မီးပုံးပျံကုမ္ပဏီတွေကလည်း ဈေးလျှော့ထားပြီး တစ်ယောက်ကို ကျပ်နှစ်သိန်းခွဲ၊ နှစ်သိန်း ခုနစ်သောင်းလောက်ပဲပေးရတော့ မီးပုံးပျံစီးတဲ့ Customer က ပြည်ပထက် ပြည်တွင်းက ပိုများလာတယ်" ဟု သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန (ပုဂံဌာနခွဲ)မှ ညွှန်ကြားရေးမှူး ဦးကျော်မျိုးဝင်းက ပြောသည်။

ပုဂံဒေသကို လက်ရှိကာလတွင် မြန်မာနိုင်ငံ၏ နေရာအနှံ့အပြားမှ ခရီးသွားများ လာရောက်လည်ပတ်မှု များပြားနေပြီး ပြည်ပမှ လာရောက်လည်ပတ်မှုအနေဖြင့် ထိုင်းနိုင်ငံမှ လာရောက်လည်ပတ်မှု အများဆုံးဖြစ်နေပြီး ဒုတိယအများဆုံးအဖြစ် ရုရှားမှ ခရီးသွားလည်ပတ်မှု များပြားနေကြောင်း ၎င်းကဆိုသည်။

"အခုကတော့ ပုဂံကိုလာရောက်လည်ပတ်တဲ့အထဲ ပြည်တွင်းက ပိုများတယ်။ ပြည်ပက လာရောက်လည်ပတ်တဲ့အထဲ ထိုင်းကအများဆုံး၊ ပြီးတော့ ဒုတိယအများဆုံးရုရှားပေါ့။ အရင်တုန်းကဆို ပုဂံက သောကြာနေ့လောက်ဆို ခရီးသည်ရောက်လာတယ်။ စနေ၊ တနင်္ဂနွေလည်ပြီးရင် တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူးဆိုရင် ခြောက်ကပ်ကျန်ခဲ့တာ။ အခုကျတော့ အဲဒီလိုမဟုတ်တော့ဘူး။ ကြားရက်တွေမှာလည်း ဧည့်သည်မပြတ်ဘူး။ အဖွဲ့လိုက်တွေက အခုထိကိုစည်ကားနေဆဲပဲ"ဟု ဦးကျော်မျိုးဝင်းကဆိုသည်။

ပြီးခဲ့သည့်နွေရာသီခန့်မှ စတင်ကာ ပုဂံဒေသသို့ ခရီးသွားဝင်ရောက်မှု တိုးတက်လာခဲ့ပြီး ပြီးခဲ့သည့် သီတင်းကျွတ်ကာလအောက်တိုဘာလမှစ၍ ခရီးသွားဝင်ရောက်မှု သိသိသာသာမြင့်တက်ခဲ့ကာ ဟိုတယ်များ မလုံလောက်သောကြောင့် ဘုန်းကြီးကျောင်းများတွင် တည်းခိုရသည်အထိ ဖြစ်ခဲ့သည်။

**MT**

---

**☆ မိတ္ထီလာခရိုင်မှ**

မိတ္ထီလာခရိုင် စိုက်ပျိုးရေးဦးစီးဌာန၏ ကြီးကြပ်မှုအောက်ရှိ မိတ္ထီလာ၊ မလှိုင်၊ သာစည်၊ ဝမ်းတွင်းမြို့နယ်များတွင် ဆီထွက်သီးနှံတစ်မျိုးဖြစ်သည့် နေကြာသီးနှံကို မိုးဦးနှင့် မိုးနှောင်းရာသီ (ဆောင်းရာသီ)တို့၌ စိုက်ပျိုးလျက်ရှိသည်။ ထိုသို့ စိုက်ပျိုးလျက်ရှိရာမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မိတ္ထီလာမြို့နယ်၌ ဆောင်းနေကြာစိုက်ဧက ၁၈၆၅ ဧက၊ မလှိုင်မြို့နယ်၌ ဆောင်းနေကြာ စိုက်ဧက ၅၄၂ ဧက၊ သာစည်မြို့နယ်၌ ဆောင်းနေကြာစိုက်ဧက ၅၂၃၉ ဧကနှင့် ဝမ်းတွင်းမြို့နယ်၌ ဆောင်းနေကြာစိုက်ဧက ၂၀၇၄ ဧကတို့ကို စိုက်ပျိုးသွားရန် သတ်မှတ်လျာထားခဲ့ပြီး ဒေသခံတောင်သူများကအထွက်နှုန်းကောင်းသည့် ဆင်းရွှေကြာ-၂၊ ရေဆင်း(၁)တို့ကို စိုက်ပျိုးလျက်ရှိသည်။

ယင်းသို့ ဆောင်းနေကြာစိုက်ပျိုးရာတွင် မိတ္ထီလာမြို့နယ်၌ ဆောင်းနေကြာစိုက်ဧက ၁၈၆၆ ဧက၊ မလှိုင်မြို့နယ်၌ ဆောင်းနေကြာစိုက်ဧက ၅၇၂ ဧက၊ သာစည်မြို့နယ်၌ ဆောင်းနေကြာစိုက်ဧက ၅၄၅၂ဧကနှင့် ဝမ်းတွင်းမြို့နယ်၌ ဆောင်းနေကြာစိုက်ဧက ၂၁၀၆ ဧကတို့ကို စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ



နေပြည်တော် ဇန်နဝါရီ ၂၂

ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ ဥက္ကဋ္ဌသစ်အဖြစ် တာဝန်ယူဆောင်ရွက်မည့် အိမ်ရှင် ယူဂန်ဒါသမ္မတနိုင်ငံ၏ ဖိတ်ကြားချက်အရ ယူဂန်ဒါနိုင်ငံ ကမ်ပါလာမြို့၌ ဇန်နဝါရီ ၁၇ ရက်မှ ၁၈ ရက်အထိ ကျင်းပခဲ့သည့် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးနှင့် ဇန်နဝါရီ ၁၉ ရက်မှ ၂၀ ရက်အထိ ကျင်းပခဲ့သည့် (၁၉)ကြိမ်မြောက် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့သည့် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

အဆိုပါ မြန်မာကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# မြန်မာ့ဆိုင်းဝိုင်းပညာရပ်ဆိုင်ရာဟောပြောဆွေးနွေးပွဲနှင့် ဂျပန်နိုင်ငံ ခိတကျူးရှူးကျွန်း မိုဂျီမြို့ မိုဂျိကမ္ဘာအေးစေတီတော်နှင့် မြန်မာဘုန်းတော်ကြီးကျောင်း ရေရှည်တည်တံ့ထိန်းသိမ်းရေး၊ ဗုဒ္ဓသာသနာတော်ထွန်းကားပြန့်ပွားရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၂

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနသည် မြန်မာတို့၏ လေးစားမြတ်နိုးဖွယ်ရာကောင်းသော အနုသုခုမပညာရပ်များကို ရှာဖွေခြင်း၊ ဖော်ထုတ်ခြင်း၊ ထိန်းသိမ်းမြှင့်တင်ခြင်း လုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ မြန်မာ့ဆိုင်းဝိုင်းပညာရပ်ဆိုင်ရာ ဟောပြောဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပသည်။




**တက်ရောက်**

အခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေးပုဂ္ဂိုလ် ဒေါက်တာရင်ရင်နွယ်၊ မြန်မာနိုင်ငံအမျိုးသားယဉ်ကျေးမှုဗဟိုကော်မတီ အကြံပေးပုဂ္ဂိုလ် ဦးကိုကို၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဖိတ်ကြားထားသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြန်မာ့ဆိုင်းပညာကို နှစ်သက်မြတ်နိုးသော သုတေသီများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယနေ့ကျင်းပသော "မြန်မာ့ဆိုင်းဝိုင်းပညာရပ်ဆိုင်ရာ ဟောပြောဆွေးနွေးပွဲ"သည် မြန်မာ့ရိုးရာအနုပညာယဉ်ကျေးမှု အမွေအနှစ်များ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် တစ်ဖက်တစ်လမ်းက ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်သည်ဟု အသိအမှတ်ပြုပြောကြားလိုကြောင်း၊ နိုင်ငံတော်ကဦးဆောင်၍ ယဉ်ကျေးမှုအနုပညာရပ်များ တိုးတက်ဖွံ့ဖြိုးရေးအတွက် ပြိုင်ပွဲများ ကျင်းပပေးသကဲ့သို့ သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပုဂ္ဂလိကဆိုင်ရာအဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်တစ်ဦးချင်းတစ်ယောက်ချင်းစီ အနေဖြင့်လည်း နိုင်ငံတော်ကချမှတ်ထားသည့် ဦးတည်ချက်များကို ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရမည်မှာ နိုင်ငံသားတိုင်း၏ အမျိုးသားရေးတာဝန်တစ်ရပ်ပင်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညွှန့်ဝင်းက ဟောပြောဆွေးနွေးပွဲ ကျင်းပခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဆိုင်းပညာရှင် ဦးဟိန်းတင့်က မြန်မာ့ဆိုင်းပညာရပ်နှင့်ပတ်သက်၍ ဟောပြောဆွေးနွေးပြီး တက်ရောက်လာကြသူများ၏ ဆွေးနွေးမေးမြန်းမှုများကို ပြန်လည်ရှင်းလင်းဖြေကြား၍ တာဝန်ရှိသူများက ဆိုင်းပညာရှင် ဦးဟိန်းတင့်အား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရလက်ဆောင်များ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဂျပန်နိုင်ငံ ခိတကျူးရှူးကျွန်း မိုဂျီမြို့ ကမ္ဘာအေးစေတီတော်ဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက မိုဂျိကမ္ဘာအေးစေတီတော် တည်ထားကိုးကွယ်မှုနှင့်ပတ်သက်၍ သမိုင်းကြောင်းကို ရှင်းလင်းပြောကြားပြီး သာသနာတော် ၂၅၀၀ ပြည့် ဆဋ္ဌသင်္ဂါယနာတင်ခေတ်တွင်ပေါ်ထွန်းခဲ့သော သာသနာ့အမွေအနှစ် မိုဂျိကမ္ဘာအေးစေတီတော်နှင့် မြန်မာဘုန်းတော်ကြီးကျောင်း ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဝိုင်းဝန်းဆွေးနွေး အကြံပြုပေးစေလိုကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ၂၀၂၁ ခုနှစ်နှင့် ၂၀၂၂ ခုနှစ်အတွင်း ပြင်ဆင်ထားရှိမှုများနှင့် လက်ရှိဆရာတော်များ တာဝန်ထမ်းဆောင်နေမှုအခြေအနေများကို Powerpoint ဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးစိုးဟန်က Video Conferencing ဖြင့် ယခင်ဆောင်ရွက်နေသည့်အစီအစဉ်များ၊ ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များ၊ ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းကားပြန့်ပွားရေး ကိစ္စရပ်များနှင့်ပတ်သက်၍ ဆရာတော်များ၏ ဆောင်ရွက်နေမှုများကို ဆွေးနွေးတင်ပြသည်။

ထို့နောက် မြန်မာ-ဂျပန် ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဦးစောလှမင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ဆွေးနွေးကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် အစည်းအဝေး တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မြဝတီမြို့နယ်၌ ပညာရေးစုံညီပွဲတော်နှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

မြဝတီ ဇန်နဝါရီ ၂၂

ကရင်ပြည်နယ် မြဝတီမြို့နယ် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံပညာထူးချွန် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ပညာရွှေဖူး ကိုယ်ပိုင်မူလတန်းကျောင်းခန်းမဆောင်၌ ကျင်းပသည်။

ဦးစွာ အထက(၂) မြဝတီ ကျောင်းသား ကျောင်းသူများက စုံညီပွဲတော် ဒို့နွဲပျော်သီချင်းဖြင့် ဖွင့်လှစ်ပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံဝင်းက အဖွင့်အမှာစကားပြောကြားသည်။ ခရိုင်ပညာရေးမှူး ဦးသန်းဆွေဦးက ပွဲတော်ကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြီး ဗဟိုအဆင့်ထူးချွန်ဆုရရှိကြသော ကျောင်းသား ကျောင်းသူများအား ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တက်ရောက်လာကြသည့် ခရိုင်/မြို့နယ် တာဝန်ရှိသူများနှင့် ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများက ဆုများပေးအပ်ကြကြောင်း သိရသည်။



ထွန်းထွန်းဦး(မြဝတီ)

**စည်းလုံးခြင်းသည်အင်အား ပြည်ထောင်စု၏ စွမ်းပကား။**

# ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့တွင် ဝန်ထမ်းသစ်များအား လုပ်ငန်းစွမ်းဆောင်ရည်တိုးတက်မြင့်မားစေရေး သင်တန်းဖွင့်လှစ်ပို့ချ

ပုသိမ် ဇန်နဝါရီ ၂၂

ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့၏ညွှန်ကြားချက်အရ ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့တွင် ၂၀၂၃-၂၀၂၄ ခုနှစ်အတွင်း ခန့်ထားခဲ့သော ဝန်ထမ်းသစ်များအား လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်မြင့်မားစေရေး လုပ်ငန်းဝင်သင်တန်း အမှတ်စဉ် (၁/၂၀၂၄)ကို ယနေ့နံနက်ပိုင်းက ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိတို့က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားလာစေရန်၊ ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းများ လိုက်နာကြစေရန် ဆွေးနွေးပြောကြားသည်။ သင်တန်းတွင် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများ၊ ရုံးလုပ်ထုံးလုပ်နည်းများ၊ စည်ပင်သာယာရေးဥပဒေ၊ နည်းဥပဒေများအား သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေး





နေပြည်တော် ဇန်နဝါရီ ၂၂

၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမောင်မောင်အုန်းသည် ဒုတိယဝန်ကြီး ဦးရဲတင့်၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးကြည်စိုးထွန်းနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် အခမ်းအနားကျင်းပမည့် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန-၁ ၌ ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အဝင်မုခ်ဦး၊ ရွှေရင်ထိုးတပ်ဆင်ပေးမည့်နေရာ၊ Fashion Booth၊ Photo Booth၊ Interview Booth၊ ဂုဏ်ပြုခံလျှောက်လမ်း (Red Carpet) နေရာများကိုလည်းကောင်း၊ အခမ်းအနားကျင်းပမည့် ကျောက်စိမ်းခန်းမ၌ အကယ်ဒမီဆုပေးပွဲ စင်မြင့်တည်ဆောက်နေမှု၊ LED ဘုတ်များ တပ်ဆင်နေမှု၊ ဖျော်ဖြေရေးစင်မြင့် တည်ဆောက်မည့်နေရာ၊ အသံစနစ်နှင့် မီးစနစ်များ တပ်ဆင်ပြီးစီးနေမှု၊ နေရာထိုင်ခင်းများ စီစဉ်ဆောင်ရွက်ထားရှိမှု၊ မီဒီယာဇုန် သတ်မှတ်ထားမှုများကိုလည်းကောင်း၊ ဆုရရှိကြသူများ အင်တာဗျူးရမည့်နေရာ၊ Fashion Award ဆုများ၊ Fashion Award အကဲဖြတ်ဒိုင်များနှင့် ရွှေကြိုများ ထားရှိမည့်နေရာ ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ထို့နောက် အစည်းအဝေးခန်းမ၌ ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာကြသူများက LED ဘုတ်များ၊ အသံပိုင်းနှင့် မီးပိုင်းဆိုင်ရာ ကိစ္စရပ်များ၊ အခမ်းအနားသို့ တက်ရောက်ကြမည့်သူများအတွက် နေရာထိုင်ခင်းနှင့် ဧည့်ခံရေးအစီအစဉ်များ၊ ဖိတ်ကြားရေး၊ တည်းခိုနေထိုင်ရေး၊ သယ်ယူပို့ဆောင်ရေး၊ ကြိုဆိုနေရာချထားရေး၊ ကျန်းမာရေးနှင့် လုံခြုံရေးကိစ္စရပ်များ၊ ကျွေးမွေးဧည့်ခံမည့် အစီအစဉ်များနှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးသည်။

**ချီးမြှင့်သွားမည်**

၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၃ ရက်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန-၁ ၌ ခမ်းနားထည်ဝါစွာ ကျင်းပသွားမည်ဖြစ်ပြီး အခမ်းအနားသို့ တက်ရောက်လာကြသည့် အနုပညာရှင်များကို မြန်မာ့ရုပ်ရှင် ထူးချွန်ဆုများအပြင် ဖက်ရှင်ဆုများ(Fashion Awards) ကိုလည်း ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး တိရစ္ဆာန်မွေးမြူရေး ဖွံ့ဖြိုးရေးဌာနစု(ပေါင်းငူ) နွားမျိုးမြှင့်တင်ရေးလုပ်ငန်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး



နေပြည်တော် ဇန်နဝါရီ ၂၂

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိရစ္ဆာန်မွေးမြူရေးဖွံ့ဖြိုးရေးဌာနစု(ပေါင်းငူ)၏ နွားမျိုးမြှင့်တင်ရေးလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

တိရစ္ဆာန်မွေးမြူရေးဖွံ့ဖြိုးရေးဌာနစု(ပေါင်းငူ)တွင် ရွှေနီ၊ ပါရှန်နှင့် ဘရာမင် နွားသိုးများ မွေးမြူထားရှိပြီး မျိုးရိုးဗီဇနှင့် ပတ်သက်သော သုတေသနလုပ်ငန်းများဆောင်ရွက်ခြင်း၊ မျိုးရည်ခဲချောင်း ထုတ်လုပ်ခြင်း၊ နွားစာမြက်မျိုးများ စိုက်ပျိုးထိန်းသိမ်းခြင်း၊ အသေးစားမွေးမြူရေးလုပ်ကိုင်သူများနှင့် မွေးမြူရေးခြံတည်ထောင်လုပ်ကိုင်လိုသူများအား နည်းပညာနှင့် အကူအညီပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ပုလဲမြို့သစ်ရှိ ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ကြည့်ရှုစစ်ဆေးပြီး ပုဂ္ဂလိကနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်ရန်၊ တိုင်းရင်းဆေးဝါးများတွင် အသုံးပြုလျက်ရှိသည့် ပျားရည်များ၏ အစားအစာဘေးကင်းလုံခြုံရေးနှင့် တစ်နိုင်တစ်ပိုင် မွေးမြူသူများကို စီးပွားဖြစ်မွေးမြူထုတ်လုပ်နိုင်သည်အထိ အားပေးကူညီရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် တိုက်ကြီးမြို့နယ်ရှိ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဗဟိုမြေစာရင်းဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးရေးသင်တန်းကျောင်းသို့ ရောက်ရှိပြီး လုပ်ငန်းခွင်မြေတိုင်းတာခြင်းနှင့် မြေစာရင်းသင်တန်း၊ တန်းမြင့်မြေတိုင်းတာခြင်းနှင့် မြေစာရင်းသင်တန်း၊ ဦးစီးအရာရှိမြေတိုင်းသင်တန်းများသို့ တက်ရောက်လျက်ရှိကြသည့် သင်တန်းသားများနှင့် တွေ့ဆုံ၍ လိုအပ်ချက်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးပြီး သင်တန်းသားများ ထူးချွန်ထက်မြက်သော ဝန်ထမ်းကောင်းများဖြစ်စေရေး၊ နည်းပညာရပ် တစ်ခုချင်းအလိုက် ထူးချွန်သူများပေါ်ထွန်းလာရေး ကြိုးပမ်းအားထုတ်သွားကြရန် တိုက်တွန်းပြောကြားသည်။

ညနေပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ဆည်မြောင်းပညာရပ် ဖွံ့ဖြိုးမှုလေ့ကျင့်ရေးဌာနခွဲတွင် ပဲခူးတိုင်းဒေသကြီး တိုင်းအဆင့် စိုက်ပျိုးမွေးမြူရေးတာဝန်ခံများနှင့်တွေ့ဆုံ၍ ဒေသဝမ်းစာဖူလုံပိုလျှံရေး၊ မိုးစပါး၊ နွေစပါးနှင့် ပဲမျိုးစုံ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ တစ်ဧကပန်းတိုင်အထွက်နှုန်းရရှိရေး၊ ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက်သာမက နိုင်ငံတကာတွင် လက်ရှိဖြစ်ပေါ်နေသော စားသုံးဆီလိုအပ်ချက် ဖြည့်ဆည်းပေးနိုင်ရေး မျှော်မှန်းဆောင်ရွက်ရာ၌ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် ဆီထွက်သီးနှံ နေကြာ၊ နှမ်းနှင့်ဆောင်းမြေပဲ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အသားကဏ္ဍ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



အိန္ဒိယနိုင်ငံ တမီလ်နာဒူးပြည်နယ် ချန်နိုင်းမြို့ ၌ ဇန်နဝါရီ ၉ ရက် မှ ၁၀ ရက်အထိ ကျင်းပခဲ့သော (၁၀)ကြိမ်မြောက်ကမ္ဘာလုံးဆိုင်ရာ တမီလ်စီးပွားရေးဖောင်ဒေးရှင်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးအသင်းက ချီးမြှင့်သည့် ဆုပေးပွဲအခမ်းအနားတွင် ကမ္ဘာလုံးဆိုင်ရာ တမီလ်လူမှုဖူလုံရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ထူးချွန်စွာဆောင်ရွက်ခဲ့သည့် မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအသင်းဥက္ကဋ္ဌနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ ဗဟိုဒုတိယဥက္ကဋ္ဌ(ဟိန္ဒူဘာသာ) Mr.Thanga Raja@ ဦးဇော်ဇော်နိုင် အိန္ဒိယနိုင်ငံ ပြည်နယ်ဝန်ကြီးက ပေးအပ်ချီးမြှင့်သည့် "ကမ္ဘာ့တမီလ်တို့၏သရဖူရတနာ" ဂုဏ်ပြုမှတ်တမ်းလွှာ လက်ခံရယူစဉ်။ သတင်းစဉ်

# ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ မော်ဘီခရိုင် အလုပ်အမှုဆောင်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၂

ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ မော်ဘီခရိုင် အလုပ်အမှုဆောင်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ကမ်းနားလမ်းရှိ ဗဟိုအစည်းအဝေးခန်းမ၌ ကျင်းပရာ ဗဟိုဥက္ကဋ္ဌ ဦးဝဏ္ဏ၊ ဗဟိုအထွေထွေအတွင်းရေးမှူး ဦးခင်ဝေနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ တိုင်းဥက္ကဋ္ဌ ဦးထွန်းထွန်းဦးနှင့် တိုင်းအလုပ်အမှုဆောင်များ၊ ဖိတ်ကြားထားသော ခရိုင်ဥက္ကဋ္ဌများ၊ မော်ဘီခရိုင် အလုပ်အမှုဆောင်များ စုံညီစွာ တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**



ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်


# လူနှင့်တိရစ္ဆာန်ကျန်းမာရေး အပြန်အလှန်အကျိုးပြု အူတွင်းအဏုဇီဝပိုးကောင်ရေ တိုးမြှင့်ရေးစဉ်းစားဆောင်ရွက်ပေး

မောင်စော
(မွေးမြူဆေးကု၊ မွေးသု)

အကျိုးပြုအဏုဇီဝပိုးဆိုတာ ဘာလဲ

**လူနှင့်တိရစ္ဆာန်တို့၏ ကိုယ်ခန္ဓာပြင်ပနှင့် အတွင်း၌ ဗက်တီးရီးယား(Bacteria)၊ ဗိုင်းရပ်စ် (Virus)နှင့် မှို(Fungi)များဖြင့် ပြည့်နှက်နေပါသည်။ ယင်းတို့ကို စုပေါင်း၍ မိုက်ခရိုဘိုင်အုမ်း (Microbiome)ဟု ခေါ်ပါသည်။ အချို့ ဗက်တီးရီးယားပိုးများသည် ရောဂါနှင့်ဆက်နွှယ်နေသော်လည်း အများစုသည် ကိုယ်ခံအားစနစ်၊ နှလုံး၊ ကိုယ်အလေးချိန်နှင့် အခြားကျန်းမာရေးကဏ္ဍများစွာအတွက် အလွန်အရေးပါသည့် အခန်းကဏ္ဍမှပါဝင်နေကြောင်း လေ့လာသိရှိရပါသည်။**

အဏုဇီဝပိုး ထရီလီယံ(တစ်ဂဏန်းနောက်တွင် သုည ၁၂ လုံးပါသောအရေအတွက်)ပေါင်းများစွာသည် အဓိကအားဖြင့် အူလမ်းကြောင်းတွင်းနှင့် အရေပြားပေါ်၌နေထိုင်ကြပါသည်။ လူတိုင်း၏ ခန္ဓာကိုယ်တွင် အတူတကွမှီတင်းနေထိုင်ကြသည့် အဏုဇီဝဆဲလ်ပေါင်း ၁၀ ထရီလီယံမှ ၁၀၀ ထရီလီယံအထိ ရှိကြပါသည်။ လူသားများနှင့် ၎င်းပိုးများသည် နှစ်ပေါင်းသန်းနှင့်ချီ၍ အတူတကွ ဆင့်ကဲဖြစ်ပေါ်လာခဲ့ကြပြီး လူ့ခန္ဓာကိုယ်၏ အလွန်အရေးကြီးသည့် အခန်းကဏ္ဍများတွင် ပါဝင်ခဲ့ကြပါသည်။ အကယ်၍ အူတွင်းအဏုဇီဝပိုးများ (Gut Micro-biome)၏ ပူးပေါင်းဆောင်ရွက်မှုသာ မပါရှိလျှင် သတ္တဝါများ အသက်ရှင်ရန်ပင် အလွန်ခက်ခဲမည် ဖြစ်ပါသည်။




လူ၏ကိုယ်ခန္ဓာ ပြင်ပနှင့်အတွင်းရှိ မိုက်ခရိုဘိုင်အုမ်း။

**လူ့ကျန်းမာရေးနှင့် အူတွင်းအကျိုးပြုအဏုဇီဝပိုးများ**

သုတေသန အထောက်အထားတွေ့ရှိချက်များအရ ကလေးငယ်များသည် မိခင်၏သားအိမ်ထဲ၌ ရှိစဉ်ကတည်းကပင် အူတွင်းအကျိုးပြုအဏုဇီဝပိုးများနှင့် ဆက်နွှယ်လျက်ရှိကြောင်း ဖော်ပြထားပါသည်။ အကျိုးပြုအဏုဇီဝပိုးများသည် လူသားတို့မွေးကင်းစမှ သေဆုံးသည်အထိ ကြီးထွားမှုအဆင့်ဆင့်တိုင်းတွင် ကိုယ်ခန္ဓာကို နည်းအမျိုးမျိုးဖြင့် အကျိုးသက်ရောက်စေပါသည်။

**မိခင်နို့ကို အစာချေဖျက်ခြင်း**

ကလေးငယ်များ၏ အူထဲတွင် ပထမဦးဆုံး စတင်ပေါက်ပွားလာသည့် ဗက်တီးရီးယားအချို့ကို ဘီဖီဒို ဗက်တီးရီးယား (Bifidobacteria) ဟုခေါ်ပါသည်။ ၎င်းတို့သည် ကလေးငယ်၏ ကျန်းမာရေးနှင့် ကြီးထွားမှုအတွက် အရေးကြီးသော မိခင်နို့တွင်းရှိ သကြားဓာတ်များကို ချေဖျက်ပေးပါသည်။

**အမျှင်ဓာတ်ကိုချေဖျက်ခြင်း**

အချို့သော ဗက်တီးရီးယားပိုးများသည် အမျှင်ဓာတ်(Fibre)ကိုချေဖျက်ပြီး ကျန်းမာရေးအတွက် အရေးကြီးသည့် အကျိုးပြုအဆီအက်ဆစ်(short-chain fatty acids) သဘာဝဓာတ်ပေါင်း (အော်ဂဲနစ် – Organic)များကို ထုတ်လုပ်ပေးသည်။ အမျှင်ဓာတ်သည် ကိုယ်အလေးချိန်တိုးခြင်း၊ ဆီးချိုရောဂါ၊ နှလုံးရောဂါနှင့် ကင်ဆာအန္တရာယ်တို့ကို ကာကွယ်ပေးနိုင်ပါသည်။

**ကိုယ်ခံအားစနစ်ကို ကူညီပေးခြင်း**

အူတွင်းအဏုဇီဝပိုးများသည် ကိုယ်ခံအားဆဲလ်များနှင့် ဆက်သွယ်ခြင်းဖြင့် ကိုယ်ခံအားစနစ် လုပ်ဆောင်မှုကို ထိန်းချုပ်ပြီး လိုအပ်သလို ရောဂါကာကွယ်ရေးနှင့် ရောဂါကူးစက်မှုကို ကိုယ်ခန္ဓာက မည်သို့တုံ့ပြန်ရမည်ကို ထိရောက်အောင် ထိန်းချုပ်ဆောင်ရွက်နိုင်သည်။ အဏုဇီဝပိုးမွှားများနှင့် ကိုယ်ခန္ဓာ၏ပထမဆုံး ထိတွေ့မှုသည် မမွေးဖွားမီကတည်းကပင်ရှိခဲ့ပြီးဖြစ်သောကြောင့် အလိုက်သင့်ရှင်သန်နိုင်သော ကိုယ်ခံအားစနစ် ဖြစ်ပေါ်လာခြင်းဖြစ်ပါသည်။

**ဦးနှောက်ကျန်းမာရေးကို ထိန်းချုပ်ရန် ကူညီပေးခြင်း**

သုတေသနအသစ် တွေ့ရှိချက်များအရ အူတွင်းအဏုဇီဝပိုးများသည် ဦးနှောက်လုပ်ဆောင်မှုကို ထိန်းချုပ်ပေးသည့် ဗဟိုနဗ်ကြောစနစ်ကိုလည်း သက်ရောက်မှုများရှိကြောင်း ဖော်ပြထားသည်ကို တွေ့ရပါသည်။

**အာဟာရဓာတ်များရရှိအောင် ဆောင်ရွက်ပေးခြင်း**

အူတွင်းအဏုဇီဝပိုးများသည် အစားအစာမှ စွမ်းအင်ကိုစုပ်ယူသည့်အပြင် လူတို့ကို အာဟာရဓာတ်များစုပ်ယူရန် ကူညီပေးရန် မရှိမဖြစ်လိုအပ်ပါသည်။ ဥပမာ–အသားနှင့်ဟင်းသီးဟင်းရွက်များတွင် ရှုပ်ထွေးလှသော ဒြပ်စင်ဖွဲ့စည်းမှု (မော်လီကျူး)များပါဝင်ပြီး ၎င်းတို့ကို ဖြိုဖျက်ရန် အူတွင်းအဏုဇီဝပိုးများက ကိုယ်ခန္ဓာကိုကူညီပေးသည်။ ကိုယ်ခန္ဓာသည် အူတွင်းအဏုဇီဝပိုးများ၏ အကူအညီမပါဘဲ အပင်ဆဲလူလို့(Cellulose)ကို ချေဖျက်နိုင်မည်မဟုတ်ပါ။ ထို့အပြင် အူတွင်းအဏုဇီဝပိုးများသည် အစာစားချင်စိတ်နှင့် ငြင်းပယ်လိုစိတ်များကို ဖြစ်ပေါ်စေရန် ကိုယ်ခန္ဓာ၏ဇီဝတွင်း ဖြစ်ပျက်မှုကိုပါ လွှမ်းမိုးနိုင်သည်။ အူတွင်းအဏုဇီဝပိုးများနှင့် ဦးနှောက်တို့သည် အချင်းချင်း စဉ်ဆက်မပြတ်ဆက်သွယ်လျက်ရှိပြီး သတ္တဝါတို့၏ အူတွင်းလုပ်ဆောင်မှုများကိုလည်း လွှမ်းမိုးသက်ရောက်မှုများရှိကြောင်း လေ့လာသိရှိရပါသည်။

**ရောဂါဖြစ်ပွားမှုနှင့်ဆက်စပ်မှုများ**


သတ္တဝါများ၏ အစာချေဖျက်မှုစနစ် ဖွံ့ဖြိုးတိုးတက်ရေးတွင် ဗက်တီးရီးယားကောင်ရေသည် အဓိကအခန်းကဏ္ဍမှ ပါဝင်ကြောင်း သုတေသနတွေ့ရှိချက်များက ဖော်ပြထားကြပါသည်။ အူတွင်း ဗက်တီးရီးယားကောင်ရေကျဆင်းခြင်းသည် အဝလွန်ရောဂါနှင့် အမျိုးအစား(၂) ဆီးချိုရောဂါတို့နှင့်လည်း ဆက်နွှယ်မှုရှိပါသည်။ အူတွင်းအဏုဇီဝပိုး အရေအတွက်သည် ကိုယ်ခန္ဓာ၏ဇီဝဖြစ်စဉ်များနှင့်လည်း တိုက်ရိုက်ဆက်နွှယ်လျက်ရှိပါသည်။ ထို့အပြင် အူလမ်းကြောင်းကျန်းမာရေးကိုလည်း ထိခိုက်စေနိုင်ပြီး အူလက္ခဏာစု (Irritable Bowel Syndrome – IBS)နှင့် အူရောင်ရောဂါ (Inflammatory Bowel Disease – IBD) ကဲ့သို့သော အူလမ်းကြောင်းဆိုင်ရာ ရောဂါများကိုလည်း ဖြစ်စေနိုင်ပါသည်။ ဗက်တီးရီးယားပိုးမွှားက ထုတ်လွှတ်သည့် လေနှင့်ဓာတ်ငွေ့များကြောင့် လေပွခြင်းနှင့် ဗိုက်အောင့်၊ ဗိုက်နာခြင်း စသည့် ရောဂါလက္ခဏာများကိုလည်း ဖြစ်စေနိုင်ပါသည်။ အစားအစာတွင် အကျိုးပြုဗက်တီးရီးယား(Probiotic)၊ အဆိုပါပိုးများပေါက်ဖွားမှုကို အားပေးသည့် အမျှင်ဓာတ်များ(Prebiotics)နှင့် အခြားဖြည့်စွက်ပစ္စည်းများ မျှတစွာပါဝင်အောင် စားသောက်ပါက ဖော်ပြပါရောဂါများ ဖြစ်ပွားမှုကို လျော့နည်းစေနိုင်သည်။ အူတွင်းအဏုဇီဝပိုးများနှင့် စိတ်ပိုင်းဆိုင်ရာ ရောဂါများ(ဥပမာ–အချို့ကလေးငယ်များတွင် ငယ်စဉ်ကလေးဘဝမှစ၍ တဖြည်းဖြည်းဖြစ်လာသည့် အထီးကျန်စိတ်ဝေဒနာ (ခေါ်) စိတ်ကျဝေဒနာ (Autism Spectrum Disorder–ASD) စသည့်ရောဂါများ) အကြားဆက်နွှယ်မှုများကိုလည်း သုတေသီများက တွေ့ရှိခဲ့ကြပါသည်။

**ကိုယ်အလေးချိန်တိုးခြင်းကိုလျှော့ချနိုင်**

အူအတွင်းတွင် ဗက်တီးရီးယားမျိုးကွဲပေါင်း ထောင်နှင့်ချီ၍ရှိသည့်အနက် အများစုသည် ကျန်းမာရေးကို အကျိုးပြုကြသော်လည်း ကျန်းမာရေးကိုထိခိုက်စေသည့် ပိုးမွှားကောင်ရေမြင့်တက်လာပါကလည်း ရောဂါဖြစ်စေနိုင်ပါသည်။ တစ်ခါတစ်ရံ အကျိုးပြုအဏုဇီဝပိုးများနှင့် ဆိုးကျိုးဖြစ်စေသည့်အဏုဇီဝပိုးများ ဟန်ချက်မညီမျှမှု(Dysbiosis)ဖြစ်လာပါက ကိုယ်အလေးချိန်တိုးလာပြီး အဝလွန်ရောဂါနှင့် အခြားဇီဝကမ္မဆိုင်ရာ ရောဂါများကို ဖြစ်စေပါသည်။

စာမျက်နှာ ၉ သို့ ❖

> **အူတွင်းအဏုဇီဝပိုးများသည် အစားအစာမှ စွမ်းအင်ကိုစုပ်ယူသည့်အပြင် လူတို့ကို အာဟာရဓာတ်များစုပ်ယူရန် ကူညီပေးရန် မရှိမဖြစ်လိုအပ်ပါသည်။ ဥပမာ- အသားနှင့် ဟင်းသီးဟင်းရွက်များတွင် ရှုပ်ထွေးလှသော ဒြပ်စင်ဖွဲ့စည်းမှု (မော်လီကျူး)များပါဝင်ပြီး ၎င်းတို့ကိုဖြိုဖျက်ရန် အူတွင်းအဏုဇီဝပိုးများက ကိုယ်ခန္ဓာကိုကူညီပေးသည်။ ကိုယ်ခန္ဓာသည် အူတွင်းအဏုဇီဝပိုးများ၏ အကူအညီမပါဘဲ အပင်ဆဲလူလို့(Cellulose)ကို ချေဖျက်နိုင်မည်မဟုတ်ပါ။ ထို့အပြင် အူတွင်းအဏုဇီဝပိုးများသည် အစာစားချင်စိတ်နှင့် ငြင်းပယ်လိုစိတ်များကို ဖြစ်ပေါ်စေရန် ကိုယ်ခန္ဓာ၏ ဇီဝတွင်းဖြစ်ပျက်မှုကိုပါ လွှမ်းမိုးနိုင်သည်။ အူတွင်းအဏုဇီဝပိုးများနှင့် ဦးနှောက်တို့သည် အချင်းချင်း စဉ်ဆက်မပြတ်ဆက်သွယ်လျက်ရှိပြီး သတ္တဝါတို့၏ အူတွင်းလုပ်ဆောင်မှုများကိုလည်း လွှမ်းမိုးသက်ရောက်မှုများရှိကြောင်း လေ့လာသိရှိရ**




အကျိုးပြုမိုက်ခရိုဘိုင်အုမ်းများ ပေါင်းစပ်၍ လုပ်ငန်းဆောင်ရွက်ပုံ။

❖ စာမျက်နှာ ၈ မှ

Probiotics နှင့် ဒိန်ချဉ်တို့တွင်ပါဝင်သည့် အကျိုးပြုအဏုဇီဝပိုးများဖြစ်ကြသည့် ဘီဖီဒိုဗက်တီးရီးယားနှင့် တုတ်တံပိုး(Lactobacilli) ဗက်တီးရီးယားအချို့တို့သည် အူလမ်းကြောင်းကျန်းမာရေးကို အထောက်အကူပြုနိုင်ပြီး ရောဂါဖြစ်စေနိုင်သည့် ဗက်တီးရီးယားများက အူနံရံကိုတွယ်ကပ်မှုမရှိအောင်လည်း ကာကွယ်ပေးနိုင်ပါသည်။ ထို့ကြောင့် ဒိန်ချဉ်တွင်ပါဝင်သည့် တုတ်တံပိုးကို အကျိုးပြုဗက်တီးရီးယားအဖြစ် ပုံမှန်သုံးစွဲပါက ကိုလက်စထရောဓာတ်ကို လျော့နည်းစေနိုင်ပြီး ကိုယ်အလေးချိန်တိုးလာခြင်းကို ကာကွယ်နိုင်ကြောင်း ဖော်ပြထားပါသည်။ သို့သော် ပဋိဇီဝဆေးဝါးများကို စနစ်တကျမသုံးစွဲပါက အကျိုးပြုဗက်တီးရီးယားပိုးများကို ထိခိုက်စေပြီး အူလမ်းကြောင်းရောဂါများကို ဖြစ်ပွားစေရုံသာမကဘဲ ဆေးယဉ်ပါးမှုကိုပါ ဖြစ်စေနိုင်ပါသည်။

**နှလုံးကျန်းမာရေးကို အကျိုးပြုနိုင်**

အူတွင်းအဏုဇီဝပိုးမွှားများသည် လူ၏နှလုံးကျန်းမာရေးကိုပင် လွှမ်းမိုးသက်ရောက်စေနိုင်ကြောင်းကို လူပေါင်း ၁၅၀၀ ၌ပြုလုပ်ခဲ့သော သုတေသနတစ်ခုတွင် အူတွင်းအဏုဇီဝပိုးမွှားများသည် ကျန်းမာရေး အထောက်အကူပြုသိပ်သည်းဆမြင့် လိုက်ပိုပရိုတင်း(High-Density Lipoprotein –HDL) ကိုလက်စထရောနှင့် ထရိုင်ဂလစ်ဆရိုက်ဒ်(Triglycerides)တို့ကို ပွားများအောင် ဆောင်ရွက်ပေးသည့် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေကြောင်း တွေ့ရှိခဲ့သည်။ ကျန်းမာရေးကို ဆိုးကျိုးပေးသည့် အူတွင်းအဏုဇီဝပိုးမွှားမျိုးစိတ်အချို့ကြောင့် နှလုံးသွေးကြောပိတ်ရောဂါနှင့် လေဖြတ်ရောဂါကိုဖြစ်စေသည့် ထရိုင်မီသိုင်းအေမင်း အင်န်အောက်ဆိုက်(Trimethylamine N-oxide TMAO)ဒြပ်ပေါင်းကို ထုတ်လုပ်ခြင်းအားဖြင့် နှလုံးရောဂါကို ဖြစ်ပေါ်စေနိုင်ပါသည်။ အချို့အူတွင်းအဏုဇီဝပိုးတို့သည် အနီရောင်အသားနှင့် အခြားတိရစ္ဆာန်အသားတို့တွင် တွေ့ရှိရသည့် အာဟာရဓာတ်များဖြစ်သည့် ကလိုရင်းနှင့် အယ်လ်ကာနီတင်းတို့ကို TMAO အဖြစ်သို့ ပြောင်းလဲစေနိုင်ပြီး နှလုံးရောဂါဖြစ်ပွားမှုကို အားပေးနိုင်ကြောင်း သုတေသနတွေ့ရှိချက်များတွင် ဖော်ပြထားပါသည်။

**ဆီးချိုရောဂါအန္တရာယ်ကို လျော့နည်းစေနိုင်**

အူတွင်းအဏုဇီဝပိုးများသည် ဆီးချိုရောဂါအမျိုးအစား (၁)နှင့် (၂) ဖြစ်ပွားစေနိုင်သည့် သွေးထဲရှိသကြားဓာတ်ကို ထိန်းချုပ်ပေးနိုင်သည်။ မကြာသေးမီက ပြုလုပ်ထားသော သုတေသနတစ်ခု၌ မွေးရာပါဆီးချိုရောဂါရှိသည့် နို့စို့အရွယ်ကလေး ၃၃ ဦးတွင် ဆီးချိုရောဂါအမျိုးအစား (၁) စတင်ဖြစ်ပွားခါနီးအချိန်တွင် အူတွင်းရှိအကျိုးပြုအဏုဇီဝပိုးကောင်ရေ အလွန်ကျဆင်းနေပြီး ဆိုးကျိုးပေးနိုင်သည့် အူတွင်းအဏုဇီဝပိုးကောင်ရေမှာ သိသာစွာမြင့်တက်နေသည်ကို တွေ့ရှိရကြောင်း ဖော်ပြထားပါသည်။

**ဦးနှောက်ကျန်းမာရေးအပေါ် သက်ရောက်မှု**


အူတွင်း အဏုဇီဝပိုးများသည် ဦးနှောက်ကျန်းမာရေးကို နည်းလမ်းအမျိုးမျိုးဖြင့် အကျိုးပြုနိုင်ကြောင်းနှင့် အချို့သော ဗက်တီးရီးယားမျိုးစိတ်များသည် ဦးနှောက်အာရုံကြောစနစ်တွင် အရေးကြီးသည့် အာရုံကြောဓာတုပစ္စည်းများကို ထုတ်လုပ်ပေးရန် ကူညီပေးနိုင်ကြောင်း သုတေသနပြုချက်များတွင် ဖော်ပြထားပါသည်။ (ဥပမာ စိတ်ကျဝေဒနာကို တိုက်ဖျက်နိုင်သည့် Neurotransmitters ဖြစ်သည့် ဆီရိုတိုနင်(Serotonin)ကို အူလမ်းကြောင်းမှ အဓိကထုတ်လွှတ်ပေးပါသည်။) အူလမ်းကြောင်းသည် သန်းနှင့်ချီသော အာရုံကြောများမှတစ်ဆင့် ဦးနှောက်နှင့် ဆက်သွယ်ထားသဖြင့် အူတွင်းအဏုဇီဝပိုးများသည် ဦးနှောက်နှင့်အာရုံကြောကို အကျိုးသက်ရောက်မှုများစွာ ရှိစေနိုင်ပါသည်။ စိတ်ဝေဒနာအမျိုးမျိုးရှိသူတို့ကို လေ့လာမှုပြုလုပ်ထားသည့် သုတေသနများ၌ ကျန်းမာသူများနှင့်နှိုင်းယှဉ်ကြည့်ပါက ၎င်းတို့၏ အူတွင်းတွင် ကွဲပြားနေသည့်ဗက်တီးရီးယားမျိုးစိတ်အမျိုးမျိုး ရှိကြကြောင်း ဖော်ပြထားပါသည်။ ထို့ကြောင့် အူတွင်းအဏုဇီဝပိုးများသည် ကိုယ်ခန္ဓာ၏ အရေးကြီးလုပ်ဆောင်မှုများနှင့် လူ့ကျန်းမာရေးကို လွှမ်းမိုးသက်ရောက်နိုင်သည်ကို တွေ့ရပါသည်။

**လူ့အပြုအမူအပေါ် အကျိုးသက်ရောက်မှု**

အူတွင်းအဏုဇီဝပိုး အကျိုးပြုဗက်တီးရီးယား(Probiotics)များသည် စိုးရိမ်ပူပန်မှုကဲ့သို့သော စိတ်ကျန်းမာရေးပြဿနာအချို့ကို လျော့နည်းစေရန် ဗဟိုအာရုံကြောစနစ်အပေါ် အပြုသဘောဆောင်သော အကျိုးသက်ရောက်မှုများရှိပါသည်။ တိရစ္ဆာန်များကိုသုံးပြီး သုတေသနပြု စမ်းသပ်ချက်များအရ စိုးရိမ်ပူပန်မှုနှင့်ဆက်နွှယ်သည့် အပြုအမူများနှင့် စိတ်ဖိစီးမှုကို တုံ့ပြန်မှုတို့အပေါ် အကျိုးသက်ရောက်မှုရှိကြောင်း တွေ့ရှိခဲ့ပါသည်။

**တိရစ္ဆာန်များ၏ အပြုအမူအပေါ် အကျိုးသက်ရောက်မှု**

သုတေသန တွေ့ရှိချက်များအရ အူတွင်းအဏုဇီဝပိုးများသည် တိရစ္ဆာန်များ၏အပြုအမူအပေါ်တွင်လည်း များစွာလွှမ်းမိုးသက်ရောက်ကြောင်း၊ အကျိုးပြုအူတွင်းအဏုဇီဝပိုးများမပါဘဲ မွေးမြူထားသည့် စမ်းသပ်သတ္တဝါများသည် ပုံမှန်မဟုတ်သည့် အပြုအမူများပြသလေ့ရှိကြောင်း၊ ထို့အပြင် တိရစ္ဆာန်အချင်းချင်း ဆက်သွယ်မှုပြုလုပ်ရာတွင်လည်း




အူတွင်းအကျိုးပြုအဏုဇီဝပိုးများ၏ လူနှင့် တိရစ္ဆာန်ကျန်းမာရေးအပေါ် လွှမ်းမိုးသက်ရောက်မှု (Chen et al., 2022)

ကောင်း၊ အုပ်စုဖွဲ့ရာတွင်လည်းကောင်း အဏုဇီဝပိုးများဖြင့် ဆွဲဆောင်စေသည့် ဖီယိုမုန်း(pheromones) ခေါ် ဓာတုပစ္စည်းတစ်မျိုးထုတ်လွှတ်၍ အချက်ပြလေ့ရှိကြောင်း လေ့လာသိရှိရပါသည်။ ပျားများတွင်လည်း အူတွင်းအဏုဇီဝပိုးများသည် အာရုံကြောများ၏ လုပ်ဆောင်မှုကို လွှမ်းမိုးသက်ရောက်ကြောင်း၊ အုပ်စုဖွဲ့သည့်အပြုအမူများကို ပုံမှန်မဟုတ်ဘဲ ပြောင်းလဲစေနိုင်ကြောင်းကိုလည်း ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

**တိရစ္ဆာန်မွေးမြူရေးနှင့် အူတွင်းအဏုဇီဝပိုးများ အပြန်အလှန်အကျိုးသက်ရောက်မှု**

တိရစ္ဆာန်များ၏ အာဟာရဖွံ့ဖြိုးရေး၊ ကျန်းမာရေး၊ ရောဂါကာကွယ်ရေး၊ ထုတ်လုပ်မှုကောင်းမွန်ရေးနှင့် အမူအကျင့်များကိုပါ အူတွင်းအဏုဇီဝပိုးများက များစွာ လွှမ်းမိုးသက်ရောက်ကြောင်း လေ့လာတွေ့ရှိထားကြပါသည်။

**တိရစ္ဆာန်များ၏ အာဟာရဖွံ့ဖြိုးရေးအတွက် အကျိုးသက်ရောက်မှု**

မွေးမြူရေးတိရစ္ဆာန်များ၏ အစာအိမ်အတွင်းရှိ အကျိုးပြုအူတွင်းအဏုဇီဝပိုးများသည် ကျွေးလိုက်သည့်အစာများကို ထိရောက်သည့် အာဟာရဓာတ်များအဖြစ် ပြောင်းလဲကာ အသားနှင့် နို့ထွက်နှုန်းတို့ကို တိုးတက်စေပါသည်။ အထူးသဖြင့် စားမြုံ့ပြန်သတ္တဝါများ၏ အစာအိမ်သည် အခန်းလေးခန်းဖြင့် ဖွဲ့စည်းထားပြီး စားလိုက်သည့်အပင်တွင် ပါဝင်သော ပေါ်လီဆက်ကရိုက် (Polysaccharides)များကို ခန္ဓာကိုယ်တွင်းအစာချေဖျက်ရန် အင်ဇိုင်း(enzyme)ခေါ် ဓာတ်ပြောင်း အကူဒြပ်မရှိပေ။ အစာအိမ်အတွင်းရှိ အဏုဇီဝပိုးများက စားလိုက်သည့်အစာများကို အဓိကချေဖျက်ပေးပြီး ၎င်းတိရစ္ဆာန်အတွက် လိုအပ်သည့် အာဟာရဓာတ်များနှင့် စွမ်းအင်များကို ရရှိစေခြင်းဖြစ်ပါသည်။ ထို့ကြောင့် စားမြုံ့ပြန်သတ္တဝါများ အသက်ရှင်သန်ရေးအတွက် အာဟာရဖွံ့ဖြိုးရန် အူတွင်းအဏုဇီဝပိုးများသည် မရှိမဖြစ်လိုအပ်ပါသည်။

**မွေးမြူရေးထုတ်လုပ်မှုကို အထောက်အကူပြုနိုင်**

မွေးမြူရေးလုပ်ငန်းတွင် ထုတ်လုပ်မှုမြင့်မားပြီး တွက်ခြေကိုက်စေရန် အစာတွင် ဖြည့်စွက်စာအဖြစ် ဗီတာမင်၊ သတ္တုဓာတ်နှင့် အင်ဇိုင်းတို့ကို မဖြစ်မနေထည့်သွင်း၍ ကျွေးမွေးကျင့်သုံးလျက်ရှိပါသည်။ ထို့အပြင် ပဋိဇီဝဆေးဝါးများကိုလည်း ရောဂါကာကွယ်ရန်နှင့် ကြီးထွားနှုန်းကောင်းစေရန် မွေးမြူရေးတိရစ္ဆာန်အစာများတွင် ပုံမှန်ထည့်ကျွေးကြပါသည်။ နောက်ဆက်တွဲဆိုးကျိုးအနေဖြင့် တိရစ္ဆာန်များတွင် ဆေးယဉ်ပါးမှုပြဿနာနှင့် ဆေးယဉ်ပါးမှုဖြစ်နေသည့် ဗက်တီးရီးယားပိုးများသည် တိရစ္ဆာန်မှတစ်ဆင့် လူသို့ကူးစက်မှုပြဿနာများ ပေါ်ပေါက်နိုင်သဖြင့် ယခုအခါ မွေးမြူရေးလုပ်ငန်းတွင် ပဋိဇီဝဆေးဝါးများ အလွန်အကျွံသုံးစွဲမှုကို ကမ္ဘာနှင့်တစ်ဝန်းတားမြစ်လာကြပြီဖြစ်ပါသည်။ အထူးသဖြင့် ဥရောပနိုင်ငံများ၌ မွေးမြူရေးတိရစ္ဆာန်များတွင် ကြီးထွားနှုန်းကောင်းစေရန် ပဋိဇီဝဆေးဝါးများသုံးစွဲမှုကို တားမြစ်ထားပြီး သုတေသနပညာရှင်များအနေဖြင့်လည်း တိရစ္ဆာန်ရောဂါကာကွယ်နိုင်သည့် အကျိုးပြုအဏုဇီဝပိုးများဖြင့် အစားထိုးအသုံးပြုနိုင်ရေးကို စဉ်ဆက်မပြတ် ဆောင်ရွက်လာကြသည်ကို တွေ့ရပါသည်။ ဂျပန်နိုင်ငံသည် လွန်ခဲ့သည့်နှစ် ၃၀ ခန့်မှစတင်၍ မျိုးစိတ်ပေါင်းများစွာပါဝင်သော အကျိုးပြုဗက်တီးရီးယားအရည်ကို တီထွင်ခဲ့ကြပြီး နိုင်ငံတကာသို့ပင် နည်းပညာဖြန့်ဝေခဲ့ကြကြောင်း လေ့လာသိရှိရပါသည်။ တိရစ္ဆာန်များ၏ ကိုယ်ခန္ဓာထဲသို့ အကျိုးပြုဗက်တီးရီးယားဝင်ရောက်ပြီးနောက် ၎င်းပိုးများသည် လျင်မြန်စွာတိုးပွားလာနိုင်ပြီး ရောဂါဖြစ်စေနိုင်သည့် အခြားပိုးမွှားများပေါက်ပွားမှုကို ကန့်သတ်ထိန်းချုပ်ထားနိုင်ကာ တိရစ္ဆာန်ခန္ဓာကိုယ်အတွက် အရေးပါသောဗီတာမင်များ ထောက်ပံ့ပေးပြီး အာဟာရဓာတ်များလည်း ထုတ်လုပ်ပေးနိုင်ပါသည်။

**မွေးမြူရေးထွက်ကုန်ကို တန်ဖိုးမြှင့်ပေးနိုင်**

အကျိုးပြု အဏုဇီဝပိုးများသည် အူလမ်းကြောင်းသာမက တိရစ္ဆာန်ကျန်းမာရေးကိုပါ ကောင်းမွန်အောင် ကူညီပံ့ပိုးပေးခြင်းကြောင့် ရောဂါဖြစ်နိုင်ခြေကို လျော့နည်းစေသည့်အပြင် အသား၏ အနံ့နှင့် အဆင်းအရသာသည် ပုံမှန်မဟုတ်သော အနံ့ဆိုးများကင်းပြီး ထုတ်ကုန်များသည်လည်း အချိန်ကြာမြင့်စွာ လတ်ဆတ်နေကာ အသားနှင့်အသားထုတ်ကုန်များ၏ အရသာကို မြှင့်တင်ပေးစေပါသည်။ ထို့အတူ နို့စားနွားမများကို အကျိုးပြုအဏုဇီဝပိုးဖြစ်သည့် Lactobacillus ကို ဖြည့်စွက်ကျွေးမွေးပေးခြင်းဖြင့် နို့ထုတ်လုပ်မှုကိုတိုးတက်စေရုံသာမက နို့တွင်းအဆီဓာတ်များ၏ အရည်အသွေးကိုပါ မြင့်မားလာစေနိုင်ပြီး နို့စားနွားမများ၏ ကျန်းမာရေး ပိုမိုကောင်းမွန်လာစေကာ ထုတ်လုပ်မှုစရိတ်ကို လျှော့ချနိုင်ခြင်းနှင့် မွေးမြူရေးခြံအတွင်း အနံ့အသက်ကိုလည်း လျှော့ချနိုင်ခြင်းစသည့် အကျိုးကျေးဇူးများကို ရရှိစေနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**အကျိုးပြုအူတွင်း အဏုဇီဝပိုးများကို တိုးတက်ကောင်းမွန်စေသည့် နည်းလမ်းများ**

လူ့ကျန်းမာရေးအထောက်အကူပြု အူတွင်းအဏုဇီဝပိုးများ ပွားများလာပြီး တိုးတက်ကောင်းမွန်လာစေရန် အောက်ပါအတိုင်း ဆောင်ရွက်သင့်ပါသည် -

**အစားအစာအမျိုးမျိုး အမယ်စုံအောင်စားပါ။** အစားအစာအမယ်စုံအောင် စားသောက်ခြင်းဖြင့် အဏုဇီဝမျိုးစုံကို ပွားများစေနိုင်ပြီး အစာအိမ် အူလမ်းကြောင်း ကျန်းမာရေးကို အထောက်အကူပြုနိုင်ပါသည်။ အထူးသဖြင့် ပဲမျိုးနွယ်အပင်များ၊ ပဲမျိုးစုံနှင့် သစ်သီးများတွင် အမျှင်များစွာပါဝင်ပြီး ကျန်းမာရေးအထောက်အကူပြု Bifido-bacteria ပွားများမှုကို အားပေးပါသည်။

စာမျက်နှာ ၁၀ သို့ ❖

**"အူတွင်းအဏုဇီဝပိုးများသည် ဦးနှောက်ကျန်းမာရေးကို နည်းလမ်းအမျိုးမျိုးဖြင့် အကျိုးပြုနိုင်ကြောင်းနှင့် အချို့သော ဗက်တီးရီးယားမျိုးစိတ်များသည် ဦးနှောက်အာရုံကြောစနစ်တွင် အရေးကြီးသည့် အာရုံကြောဓာတုပစ္စည်းများကို ထုတ်လုပ်ပေးရန် ကူညီပေးနိုင်ကြောင်း သုတေသနပြုချက်များတွင် ဖော်ပြထား"**

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် အမှတ်(၅) ဓာတ်မြေသြဇာစက်ရုံ(ကန်ကြီးထောင့်)နှင့် ဘုရားကုန်းဒေသတွင် 2D ဆိုက်စမစ် တိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၂၂**

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီးရှိ အမှတ်(၅) ဓာတ်မြေသြဇာစက်ရုံ(ကန်ကြီးထောင့်)နှင့် ဘုရားကုန်းဒေသတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ တိုးမြှင့်ထုတ်လုပ်နိုင်ရန် 2D ဆိုက်စမစ် (Seismic) တိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အမှတ်(၅) ဓာတ်မြေသြဇာစက်ရုံ(ကန်ကြီးထောင့်)သို့ရောက်ရှိကြပြီး စက်ရုံလည်ပတ်ထုတ်လုပ်နေမှု၊ စက်ရုံ၏ပင်မထိန်းချုပ်ခန်းတွင် Distributed Control System (DCS) စနစ်ဖြင့် စက်ရုံအားထိန်းချုပ်လည်ပတ်နေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် စက်ရုံညှိနှိုင်းခန်းမတွင် စက်ရုံမှူးက ကုန်းတွင်း ရေနံနှင့်သဘာဝဓာတ်ငွေ့မြေများမှ ထုတ်လုပ်ရရှိသည့်သဘာဝဓာတ်ငွေ့ကို ကုန်ကြမ်းအဖြစ်အသုံးပြု၍ ဓာတ်မြေသြဇာများထုတ်လုပ်ဖြန့်ဖြူးပေးနေသည့်အခြေအနေများ၊ ကုန်ထုတ်လုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်ထားမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက **ယခုအချိန်တွင် မိမိတို့၏ဓာတ်မြေသြဇာထုတ်လုပ်နိုင်မှုသည် နိုင်ငံတော်လိုအပ်ချက်၏ ၇ ရာခိုင်နှုန်းသာ ရှိနေသည့်အတွက် တိုးမြှင့်ထုတ်လုပ်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊**

**တောင်သူများအနေဖြင့် မိမိတို့ပြည်တွင်း၌ ထုတ်လုပ်သည့်ဓာတ်မြေသြဇာများကို အဖိုးနှုန်းချိုသာစွာဖြင့်ရရှိနိုင်ရေးအတွက် ပြင်ပပေါက်ဈေးထက် များစွာလျှော့ချရောင်းချနိုင်ရန် နိုင်ငံတော်အနေဖြင့် များစွာစိုက်ထုတ်ပေးထားပါကြောင်း၊ အထူးသဖြင့် ဧရာဝတီတိုင်းဒေသကြီးတွင် ဓာတ်မြေသြဇာစက်ရုံတည်ရှိနေသဖြင့် သယ်ယူပို့ဆောင်ခ အလွန်သက်သာနိုင်ပြီး စက်ရုံထုတ်ဈေးနှုန်းနှင့် မကွာသောဈေးနှုန်းဖြင့် ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ ၂၀၂၂-၂၀၂၃ ခုနှစ်တွင် ထုတ်လုပ်ခဲ့သည့် ဓာတ်မြေသြဇာ၏ ၂၇ ရာခိုင်နှုန်းကို ဧရာဝတီတိုင်းဒေသကြီးသို့ ဖြန့်ဖြူးပေးခဲ့ပြီး ယခု ၂၀၂၃-၂၀၂၄ တွင် ၃၄ ရာခိုင်နှုန်းထိ တိုးမြှင့်ဖြန့်ဖြူးပေးနိုင်ရန် စီမံဆောင်ရွက်လျက်ရှိပါကြောင်း** ပြောကြားပြီး စက်ရုံတွင်တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများကို ဂုဏ်ပြုဆုငွေများ ပေးအပ်သည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်က လုပ်ငန်းများ ရှင်းလင်းပြောကြားပြီး စက်ရုံဝန်ထမ်းများအတွက်အင်အားဖြည့် အစားအစာများ ထောက်ပံ့ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ရေနံနှင့် သဘာဝဓာတ်ငွေ့တိုးမြှင့်ထုတ်လုပ်နိုင်ရန် 2D ဆိုက်စမစ် (Seismic) တိုင်းတာရေးလုပ်ငန်းများဆောင်ရွက်နေသည့် ဘုရားကုန်းဒေသသို့ရောက်ရှိကြရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြရာပြည်ထောင်စုဝန်ကြီးက **ယခုအချိန်တွင် နိုင်ငံတော်၏ သဘာဝဓာတ်ငွေ့လိုအပ်ချက်ကို ၅၀ ရာခိုင်နှုန်းခန့်သာ ဖြည့်ဆည်းပေးနိုင်လျက်ရှိပါကြောင်း၊ MSME လုပ်ငန်းများအပါအဝင် ကုန်ထုတ်လုပ်မှုကဏ္ဍတွင် သဘာဝဓာတ်ငွေ့လိုအပ်မှု၏ ၂၀ ရာခိုင်နှုန်းခန့်သာ ဖြန့်ဖြူးပေးနိုင်နေသည်ဖြစ်ရာ တိုးတက်သုံးစွဲလာနိုင်မှုများကို မျှော်မှန်း၍ ၂၀၂၈ တွင် ပြည့်မီစွာဖြည့်ဆည်းပေးနိုင်ရေး ငါးနှစ်တာကာလအတွက် နှစ်အလိုက် အကောင်အထည်ဖော်မည့် အစီအမံပြုလုပ်၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းသို့ ဆောင်ရွက်လျက်ရှိရာတွင် အဖျောက် သဘာဝဓာတ်ငွေ့ မြေ၌အောင်မြင်မှုရရှိခဲ့သဖြင့် ၂၀၂၄ ခုနှစ် ရည်မှန်းချက်ကို ပထမလမှာပင်ပြည့်မီသွားပါကြောင်း၊ ထို့ကြောင့် ၂၀၂၅ ခုနှစ်ရည်မှန်းချက်ပြည့်မီရေးအတွက် ယခုတိုင်းတာရေးပြုလုပ်နေသည့် ဘုရားကုန်းဒေသ၏ လုပ်ငန်းစဉ်များသည် အရေးကြီးပါကြောင်း၊ နိုင်ငံတော်နှင့် ပြည်သူများအပေါ်တွင်ထားရှိသည့် စေတနာနှင့် မိမိတို့အတတ်ပညာများ၊ အတွေ့အကြုံများပေါင်းစပ်ပြီး လုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း** ပြောကြားသည်။

စွမ်းအင်ဝန်ကြီးဌာနသည် သဘာဝဓာတ်ငွေ့ တိုးမြှင့်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ သဘာဝဓာတ်ငွေ့ထုတ်ယူရန် အလားအလာရှိသည့် ဘုရားကုန်းဒေသတွင် ၂၀၁၉ ခုနှစ်မှ ရပ်ဆိုင်းထားသည့် ဆိုက်စမစ်လုပ်ငန်းများကို ယခုအခါပြန်လည်စတင်လျက်ရှိပြီး ၂၀၂၄ ခုနှစ် မတ်လအတွင်းအပြီးဆောင်ရွက်ကာ ၂၀၂၅ ခုနှစ်မှစတင်၍ သဘာဝဓာတ်ငွေ့များစမ်းသပ်ထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## အုတ်ဖိုမြို့နယ်၌ သဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်



**အုတ်ဖို ဇန်နဝါရီ ၂၂**

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ်၌ မြို့နယ်မီးသတ်ဦးစီးဌာနမှ ကလေးသူငယ်များအတွက် သဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေး (Kaeru Caravan) ကစားနည်းကိုးမျိုးဖြင့် ပညာပေးဆောင်ရွက်ခြင်းကို ဇန်နဝါရီ ၂၂ ရက် နံနက်ပိုင်းက အခြေခံပညာအထက်တန်းကျောင်း (အုတ်ဖို)၌ ကျင်းပသည်။

ဦးစွာ အုတ်ဖိုမြို့ မြို့မ ရဲစခန်းမှူး ဒုရဲမှူးဝင်းဇော်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးမျိုးကျော်အောင်က သဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေးအစီအစဉ်ပြုလုပ်ရခြင်းရည်ရွယ်ချက်အား ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် အခမ်းအနားတက်ရောက်လာသူများက ခင်းကျင်းပြသထားသော ရှာဖွေကယ်ဆယ်ရေးပစ္စည်းများလိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။

ဆက်လက်၍ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များက အရေးပေါ်မီးငြိမ်းသတ်နည်း၊ စောင်ဖြင့်ထမ်းစင်ပြုလုပ်နည်းနှင့် သယ်ဆောင်နည်း၊ ရေသန့်ဘူးခွံဖြင့် အသက်ကယ်အင်္ကျီ ပြုလုပ်နည်းများ၊ သဘာဝဘေးအန္တရာယ် ပေါ်ပေါက်လာပါကဆောင်ရွက်ရမည့် နည်းစနစ်များ၊ မီးလောင်မှုကို ဖြစ်ပေါ်စေနိုင်မည့် အကြောင်းအရာများစသည့် Game ကိုးမျိုးဖြင့် လေ့ကျင့်သင်ကြားပညာပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**အောင်သူ(ပြန်/ဆက်)**

❖ စာမျက်နှာ ၉ မှ

**အချဉ်ဖောက်(Fermented)ထားသော အစားအစာကို စားသုံးပါ။** ဥပမာ- ဒိန်ချဉ်နှင့် ဟင်းရွက်ချဉ် ကဲ့သို့သော အချဉ်ဖောက်ထားသည့် အစားအစာများအားလုံးတွင် ကျန်းမာရေးအထောက်အကူပြု ဗက်တီးရီးယား(အထူးသဖြင့် Lactobacilli အုပ်စု)များစွာပါဝင်ပြီး ရောဂါဖြစ်စေသော ဗက်တီးရီးယားပိုးမျိုးစိတ်ပမာဏကို လျော့နည်းစေနိုင်ပါသည်။

**အချိုခဲ(သို့မဟုတ်) အချိုရည်အတုတို့ကို အကန့်အသတ်ဖြင့်သာ စားသောက်ပါ။** သဘာဝထွက်ကုန် မဟုတ်သည့် အချိုခဲ (သို့မဟုတ်) အချိုရည်အတုများသည် အူလမ်းကြောင်းတွင် ကျန်းမာရေးကို ဆိုးကျိုးပေးနိုင်သည့် ဗက်တီးရီးယားများ (ဥပမာ- Enterobacteriaceae) ပွားများလာစေရန် လှုံ့ဆော်ပေးခြင်းဖြင့် သွေးတွင်းသကြားဓာတ်ကို တိုးပွားစေကြောင်း သုတေသနအထောက်အထား အချို့က ဖော်ပြထားကြပါသည်။

**Probiotic ပွားများစေရန် အထောက်အကူပြုသည့် အစားအစာများ (prebiotic)ကို စားပါ။** Prebiotic များသည် ကျန်းမာရေးကို အကျိုးပြုဗက်တီးရီးယားများ ပွားများလာအောင် လှုံ့ဆော်ပေးသည့် အမျှင်ဓာတ်ကြွယ်ဝသော အစားအစာများပင်ဖြစ်သည်။ Prebiotic အဖြစ် စားသုံးနိုင်သည့် အစားအစာများမှာ ဥပမာ- artichokes ခေါ် ဂေါ်ဖီထုပ်ကဲ့သို့သော ဟင်းရွက်တစ်မျိုး၊ ငှက်ပျောသီး၊ ကညွတ်၊ ပန်းသီးနှင့် ဂျုံ (oats)စသည်တို့ဖြစ်ပါသည်။

**ရင်သွေးငယ်များကို အနည်းဆုံး ခြောက်လသားအရွယ်အထိ မိခင်နို့တိုက်ကျွေးခြင်း။** မွေးကင်းစအရွယ်တွင် မိခင်နို့တိုက်ကျွေးခြင်းသည် အူတွင်းအဏုဇီဝပိုး ပွားများစေရေးအတွက် အလွန်အရေးကြီးသည့် အချက်ဖြစ်ပါသည်။ အနည်းဆုံးခြောက်လကြာ မိခင်နို့တိုက်ကျွေးထားသည့် ရင်သွေးငယ်များသည် နို့ဘူးတိုက်ကျွေးပြီး ပြုစုစောင့်ရှောက်သည့် ကလေးများထက် အကျိုးပြုဗက်တီးရီးယား Bifido-bacteria အရေအတွက် ပိုမိုများပြားလေ့ရှိပါသည်။

**အနှံမှရရှိသည့် ကောက်ပဲသီးနှံများများစားသုံးခြင်း။** ဘာလီနှင့် ဆန်လုံးညို (လုံးတီးဆန်)ကဲ့သို့သော အနှံမှရရှိသည့်အစေ့များတွင် အမျှင်ဓာတ်အမြောက်အမြားပါဝင်ပြီး beta-glucan ကဲ့သို့သော အကျိုးပြု ကာဘိုဟိုက်ဒရိတ်ဓာတ်များလည်း ပါဝင်သဖြင့် အူတွင်းအဏုဇီဝပိုး ပွားများစေကာ အဝလွန်ခြင်း၊ ကင်ဆာရောဂါ၊ ဆီးချိုရောဂါနှင့် အခြားရောဂါများကိုလည်း ကာကွယ်ပေးနိုင်ကြောင်း တွေ့ရှိရပါသည်။

**အသီးအရွက်ကို များများစားသုံးပါ။** အသီးအရွက်ကို များများစားသုံးခြင်းဖြင့် အကျိုးပြု အူတွင်း အဏုဇီဝပိုးပွားများစေကာ E. coli ကဲ့သို့သော ရောဂါဖြစ်စေနိုင်သော ဗက်တီးရီးယားပိုးပမာဏကို လျော့နည်းစေနိုင်သည့်အပြင် ရောင်ရမ်းရောဂါနှင့် ခန္ဓာကိုယ်မှ ကိုလက်စထရောဓာတ်တို့ကိုပါ လျော့နည်းစေနိုင်ပါသည်။

**Polyphenols ကြွယ်ဝသော အစားအစာများကိုစားပါ။** ပေါ်လီဖနောလ်များ (Polyphenols)သည် အနီရောင်စပျစ်သီးဝိုင်၊ လက်ဖက်ရည်ကြမ်း၊ ချောကလက်နှင့် သံလွင်ဆီ စသည်တို့တွင် တွေ့ရှိရသော အပင်ဒြပ်ပေါင်းများဖြစ်သည်။ ၎င်းအပင်ဒြပ်ပေါင်း ပြိုကွဲခြင်းဖြင့် ကျန်းမာရေးကို အထောက်အကူပြုဗက်တီးရီးယားပွားများမှုကို လှုံ့ဆော်ပေးကြောင်း လေ့လာသိရှိရပါသည်။

**Probiotic ပါသော ဖြည့်စွက်စာကို စားသုံးပါ။** Probiotic ပါသော ဖြည့်စွက်စာကို စားသုံးပေးခြင်းဖြင့် အူလမ်းကြောင်းတွင် ကျန်းမာရေးအထောက်အကူပြု ဗက်တီးရီးယားပွားများအောင် ပြန်လည် အစပြုပေးနိုင်ပါသည်။

**ပဋိဇီဝဆေးဝါးများကို လိုအပ်မှသာ သုံးပါ။** ပဋိဇီဝဆေးဝါးများသည် ရောဂါဖြစ်စေနိုင်သော ဗက်တီးရီးယားများသာမက အကျိုးပြုအူတွင်းဗက်တီးရီးယားများစွာကိုပါ သေစေနိုင်ပြီး နောက်ဆက်တွဲ ဆိုးကျိုးအနေဖြင့် ကိုယ်အလေးချိန်တိုးလာခြင်းနှင့် ပဋိဇီဝဆေးကိုယဉ်ပါးမှုဖြစ်လာခြင်း စသည့် ဆိုးကျိုးများကို ဖြစ်စေနိုင်သည်။ ထို့ကြောင့်ပဋိဇီဝဆေးဝါးများကို ဆရာဝန်ညွှန်ကြားချက်အတိုင်း လိုအပ်မှသာ သုံးစွဲသင့်ပါသည်။

**လူနှင့် တိရစ္ဆာန်ကျန်းမာရေး အပြန်အလှန်အကျိုးပြု အူတွင်းအဏုဇီဝ ပိုးကောင်ရေ တိုးမြှင့်ရေး နေထိုင်စားသောက်ပေး။**

ထို့ကြောင့် အကျိုးပြုအူတွင်းအဏုဇီဝပိုးများသည် လူနှင့်တိရစ္ဆာန်တို့၏ နေ့စဉ်အသက်ရှင်သန်ရေးနှင့် ကျန်းမာရေးအပေါ် အလွန်အရေးပါသည့် အခန်းကဏ္ဍမှပါဝင် ဆက်နွယ်လွှမ်းမိုးသက်ရောက်သဖြင့် ၎င်းပိုးများရှင်သန်ပွားများအောင် အထူးဂရုစိုက် နေထိုင်စားသောက်သင့်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

**မှီငြမ်းကိုးကားစာရင်း**

**Ganguly, P. (2019). Microbes in us and their role in human health and disease. News and Events, National Human Genome Research Institute**

**Forcina, G., Pérez-Pardal, L., Carvalheira, J., & Beja-Pereira, A. (2022). Gut Microbiome Studies in Livestock: Achievements, Challenges, and Perspectives. Animals, 12(23), 3375**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များ၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲများ ကြည့်ရှုအားပေး

**နေပြည်တော် ဇန်နဝါရီ ၂၂**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနရှိ နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များ၏ တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲများ ကျင်းပလျက်ရှိရာ ယနေ့နံနက် ၉ နာရီတွင် ပိုက်ကျော်ခြင်း(အမျိုးသား) ပွဲစဉ်များကို Boxing Indoor Stadium လက်ဝှေ့အားကစားရုံနှင့် အမျိုးသား၊ အမျိုးသမီး ကြက်တောင်ပြိုင်ပွဲများကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း (C) ရုံတို့၌ ယှဉ်ပြိုင်ကစားနေမှုများကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီမှ တာဝန်ရှိသူများသည် အုပ်ချုပ်သူ/နည်းပြများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကာ ပြိုင်ပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးက ကျောင်းသားအားကစားသမားများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး အားပေးစကားပြောကြားသည်။



နံနက် ၇နာရီခွဲတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်းအမှတ် (၁) ၌ အုပ်စု(ခ) ပွဲစဉ်ဖြစ်သော နေပြည်တော်ဇုန်နှင့် မြစ်ကြီးနားဇုန်တို့မှ ဘောလုံးအသင်းများ ယှဉ်ပြိုင်ကစားကြရာ နေပြည်တော်ဇုန်က မြစ်ကြီးနားဇုန်ကို နှစ်ဂိုး- တစ်ဂိုးဖြင့်လည်းကောင်း၊ ညနေပိုင်းတွင် ကွင်းအမှတ်(၁ ) ၌ အုပ်စု(ခ) ပွဲစဉ်ဖြစ်သော စစ်ကိုင်းဇုန်နှင့် မြိတ်ဇုန်တို့ ယှဉ်ပြိုင်ကစားကြရာ မြိတ်ဇုန်က စစ်ကိုင်းဇုန်ကို သုံးဂိုး -နှစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်များမှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီမှ တာဝန်ရှိသူများသည် ဝဏ္ဏသိဒ္ဓိအားကစားကွင်းအမှတ် (၃) တွင် အုပ်စု(ဂ) ပွဲစဉ်ဖြစ်သော မန္တလေးဇုန်နှင့် မိတ္ထီလာဇုန်တို့ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးသည်။ ယင်းပွဲစဉ်တွင် အကြိတ်အနယ်ယှဉ်ပြိုင်ကြပြီး တစ်ဖက် တစ်ဂိုးစီဖြင့် သရေရရှိခဲ့သည်။ အဆိုပါ ပွဲစဉ်အပြီးတွင် ပြည်ထောင်စု ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် အားကစားသမားများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး အားပေးစကားများပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## မြဝတီမြို့၌ ကလပ်ပေါင်းစုံ အမျိုးသားအလွတ်တန်း ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**မြဝတီ ဇန်နဝါရီ ၂၂**

၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင်ကျရောက်မည့် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ကရင်ပြည်နယ် မြဝတီခရိုင် အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌဖလား၊ ကလပ်ပေါင်းစုံ အမျိုးသားအလွတ်တန်းဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၃ နာရီက မြို့မအားကစားကွင်း၌ ကျင်းပသည်။

ဦးစွာ ဗိုလ်လုပွဲသို့တက်ရောက်ကြခဲ့သည့် Crocodile အသင်းနှင့် Youth Family အသင်းတို့ယှဉ်ပြိုင်ကစားခဲ့ကြရာ Crocodile အသင်းက ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

**ပေးအပ်ချီးမြှင့်**

ထို့နောက် ပြိုင်ပွဲတွင်ပထမဆုရရှိသည့် Crocodile အသင်းအား ဒိုင်းဆုကြီးကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းနှင့်တစ်ဦးချင်းဆုကလပ်များကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး နိုင်ဝင်း၊ ဒုတိယဆုရရှိသည့် Youth Family အသင်းအားဒိုင်းဆုကြီးကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂) ဦးစိန်သောင်းနှင့် တစ်ဦးချင်းဆုကလပ်များကို ခရိုင်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးကျော်ကျော်သန်း၊ တတိယဆုရရှိသည့်အသင်းအား ခရိုင်ရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးကြီး မိုးကျော်ဟိန်းနှင့် တစ်ဦးချင်းဆုကလပ်များကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်တို့က ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**စောသူလစ်ဖောင်(ပြန်/ဆက်)**

## ညောင်တုန်းမြို့နယ်၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား အမျိုးသားအလွတ်တန်းဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**ညောင်တုန်း ဇန်နဝါရီ ၂၂**

ဧရာဝတီတိုင်း ဒေသကြီး ညောင်တုန်းမြို့နယ်တွင် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား ရပ်ကွက်/ကျေးရွာအုပ်စုပေါင်းစုံ အမျိုးသားအလွတ်တန်း ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းက မြို့နယ်အားကစားကွင်း၌ ကျင်းပသည်။



ဦးစွာ စစ်ကြောင်းမှူးက ဦးဆောင်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အလံအား အလေးပြုပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိုးက အဖွင့် အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမိုးကျော်လွင်က မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ထံသို့ အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းပြီး (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား ရပ်ကွက်/ကျေးရွာအုပ်စုပေါင်းစုံ အမျိုးသားအလွတ်တန်း ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲပွဲစဉ်ကို ယှဉ်ပြိုင်ကစားကြရာ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးကျော်စိုး၊ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမိုးကျော်လွင်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မှော်ဘီမြို့နယ် အထက (၂)၌ ပညာရေးစုံညီပွဲတော်အခမ်းအနား ကျင်းပ




**မှော်ဘီ ဇန်နဝါရီ ၂၂**

ရန်ကုန်တိုင်းဒေသကြီး ၂၀၂၃ -၂၀၂၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်အခမ်းအနားကို ယနေ့နံနက် ၉ နာရီက အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ရွှေရတုခန်းမ၌ ကျင်းပသည်။

ဦးစွာ ပညာရေးစုံညီပွဲတော်အားကြိုဆိုပါသည် စုံညီပွဲတော်သီချင်း သီဆို၍ အခမ်းအနားဖွင့်လှစ်ကာ အခမ်းအနားတွင် မှော်ဘီမြို့နယ်ခရိုင်ပညာရေးမှူးဦးအေးလွင်ကအဖွင့်အမှာစကားပြောကြား၍ အခမ်းအနားကျင်းပရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

**ပေးအပ်ချီးမြှင့်**

ထို့နောက် တိုင်းဒေသကြီး/ခရိုင်ပြိုင်ပွဲများတွင် ဆုရရှိသူများ၊ စွမ်းရည်ပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲနှင့် အားကစား ပြိုင်ပွဲ များတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ခရိုင်ဒုတိယအုပ်ချုပ်ရေးမှူး ဦးကြည်နိုင်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီးဝေမိုးအောင်၊ အဖွဲ့ဝင်(၂)ဦးထင်ကျော်၊ အဖွဲ့ဝင်(၃)ဒေါ်ဥမ္မာညွန့်၊ ခရိုင်ပညာရေးမှူး ဦးအေးလွင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးအောင်ကြည်နှင့်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ပြီး ကျောင်းသား ကျောင်းသူများက တေးသရုပ်ဖော်အကအလှများဖြင့် ဖျော်ဖြေခဲ့ကြကြောင်းသိရသည်။

**ဝင်းဇော်(မှော်ဘီ)**

## သထုံမြို့နယ်၌ မြို့နယ်အဆင့် ပညာရေးစုံညီပွဲတော် ကျင်းပ

**သထုံ ဇန်နဝါရီ ၂၂**

မွန်ပြည်နယ် သထုံမြို့နယ်၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် မြို့နယ်အဆင့် ပညာရေးစုံညီပွဲတော်အခမ်းအနားကို ယနေ့နံနက်ပိုင်းက လိပ်အင်းရပ်ကွက်ရှိအမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း အားကစားခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းသား ကျောင်းသူများက မြန်မာ့ကျောင်းသီချင်း၊ ပညာရေးစုံညီသီချင်းတို့ဖြင့် စုပေါင်းသီဆိုဖျော်ဖြေကြပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌကိုယ်စား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးမောင်မောင်မြင့်က အမှာစကားပြောကြားသည်။

ဆက်လက်၍ သထုံမြို့နယ် တွဲဖက်ပညာရေးမှူး ဒေါ်သန်းဆင့်က ပညာရေးစုံညီပွဲတော် ကျင်းပပေးရသည့်ရည်ရွယ်ချက်နှင့် သထုံမြို့နယ်အတွင်း ပညာရေးကဏ္ဍဆောင်ရွက်နေမှုတို့ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်တွဲဖက်ပညာရေးမှူးနှင့်တာဝန်ရှိသူများက လူရည်ချွန် ဖက်စုံထူးချွန်ဆု၊ အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်ဆု စသည့်ကဏ္ဍအလိုက် ဆုရရှိကြသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



# TNLA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က နမ့်ဆန်မြို့အဝင်ရှိ စေတီတစ်ဆူအား ဖြိုချဖျက်ဆီးပြီး ဌာပနာထည့်သွင်းပူဇော်ထားသည့် ရတနာများအား ယူဆောင်သွားမှုနှင့်ပတ်သက်၍ အဖွဲ့အစည်းအသီးသီးမှ ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်ချက်များ ထုတ်ပြန်

**နေပြည်တော် ဇန်နဝါရီ ၂၂**

လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များသည် ဗုဒ္ဓဘာသာဝင်များ ယုံကြည်ကိုးကွယ်ပူဇော်နေသည့် ဘုရား၊ စေတီ၊ ပုထိုးများ၊ ဗုဒ္ဓဆင်းတုတော်များနှင့်ဘာသာရေးဆိုင်ရာအဆောက်အဦများကို ဗုံးများ ပစ်ချတိုက်ခိုက်ခြင်း၊ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ ဖြိုချဖျက်ဆီးခြင်း၊ ဘုရား၊ စေတီများကို အကာအကွယ်ယူပြီး ခံစစ်စခန်းများပြုလုပ်ခြင်း စသည့်ဗုဒ္ဓဘာသာကို စော်ကားသည့်လုပ်ရပ်များ လုပ်ဆောင်ခဲ့သည်။ ယခုတွင်လည်း TNLA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့အဝင်ရှိ တောင်ကုန်းပေါ်၌ တည်ထားကိုးကွယ်ထားသည့် စေတီတစ်ဆူအား ဘက်ဟိုးဖြင့် ဖြိုချဖျက်ဆီးကာ စေတီအတွင်း ဌာပနာထားသည့်ပစ္စည်းများကို ယူဆောင်သွားသည်။

ထိုသို့ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များအနေဖြင့် ဗုဒ္ဓဘာသာဝင်များ၏ ယုံကြည်ကိုးကွယ်မှုကို ပစ်မှတ်ထား၍ ဘာသာ၊ သာသနာအား ညှိုးနွမ်းစေရန် ယုတ်မာရိုင်းစိုင်းစွာ စော်ကားဖျက်ဆီးနေခြင်းသည် မည်သို့မျှလက်ခံနိုင်ဖွယ်ရာမရှိသည့်အတွက် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA(ဗဟို)၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)၊ မြန်မာနိုင်ငံ ဧဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်၊ ပြည်ထောင်စု မြန်မာနိုင်ငံမက်သဒစ်အသင်းတော်(အောက်မြန်မာပြည်)၊ ယုံကြည်ခြင်း ဧဝံဂေလိအသင်းတော်(ပဲခူး)၊ လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာတမီလ်ဟိန္ဒူ ဖောင်ဒေးရှင်း(ဗဟို)၊ သနန္တ ဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး၊ ပိန္နဲကုန်းရခိုင်ဂျာမေဗလီ၊ ဘူးသီးတောင်မောင်တောဒေသဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ်၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံဟာသပညာရှင်များ အစည်းအရုံးနှင့် မြန်မာနိုင်ငံစာရေးဆရာအသင်းတို့က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ချက်များ အသီးသီးထုတ်ပြန်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို) ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

**၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်**

မြန်မာနိုင်ငံအတွင်းရှိ ဗုဒ္ဓဘာသာဝင်များ ယုံကြည်ကိုးကွယ်သည့် ဘုရား၊ စေတီ၊ ပုထိုးများနှင့် ဘာသာရေးဆိုင်ရာ အဆောက်အဦများကို လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များက ဗုံးများဖြင့် ပစ်ချတိုက်ခိုက်ခြင်း၊ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ ဖြိုချဖျက်ဆီးခြင်းများအား လူမဆန်စွာပြုလုပ်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ ထို့ပြင် TNLA အကြမ်းဖက်သောင်းကျန်းသူများက ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နမ့်ဆန်မြို့အဝင်ရှိ တောင်ကုန်းပေါ်၌ ဗုဒ္ဓဘာသာဝင်များ တည်ထားကိုးကွယ်ထားသည့် စေတီတော်အား ဇန်နဝါရီလ ၁၀ ရက်မှ ၂၀ ရက်အထိ ဘက်ဟိုးဖြင့် ဖြိုချဖျက်ဆီးခဲ့ပြီး ဌာပနာထားသည့် ပစ္စည်းများကို ယူဆောင်သွားခဲ့ကြောင်း သိရှိရပါသည်။

ယခုကဲ့သို့ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များက ဗုဒ္ဓဘာသာ သာသနာကို စော်ကားနေသည့်လုပ်ရပ်များအတွက် များစွာ စိတ်မကောင်း ဖြစ်ရပါကြောင်း၊ ဗုဒ္ဓသာသနာကို ညှိုးနွမ်းအောင် လုပ်ဆောင်ခဲ့သည့် အကြမ်းဖက်အဖွဲ့အစည်းများကို ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA(ဗဟို)က လုံးဝ လက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထား ထုတ်ပြန်ကြေညာအပ်ပါသည်။

**ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) သဘောထား ထုတ်ပြန်ချက်

**၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်**

လက်နက်ကိုင်အကြမ်းဖက် သောင်းကျန်းသူအဖွဲ့များအနေဖြင့် ဗုဒ္ဓဘာသာဝင်များ ကိုးကွယ်ရာ ဘုရား၊ စေတီ၊ ပုထိုးများ၊ ဗုဒ္ဓဆင်းတုတော်များအား ရိုင်းစိုင်းစွာ ဖြိုချဖျက်ဆီးလျက်ရှိပြီး ယခုအခါ၌လည်း TNLA အကြမ်းဖက် သောင်းကျန်းသူအဖွဲ့က ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့အဝင်ရှိ တောင်ကုန်းပေါ်၌ တည်ထားကိုးကွယ်ထားသည့် စေတီတော်အား ဘက်ဟိုးဖြင့် ဖြိုချဖျက်ဆီးကာ စေတီအတွင်း၌ ဌာပနာထားသည့် ပစ္စည်းများကို ယူဆောင်သွားခဲ့ကြောင်း သိရှိရပါသည်။

ယခုကဲ့သို့ ဗုဒ္ဓဘာသာဝင် နိုင်ငံသားတိုင်း၏ လွတ်လပ်စွာ ကိုးကွယ်ယုံကြည်မှုဆိုင်ရာ ဘာသာ၊ သာသနာအပေါ် မိုက်ရိုင်းစော်ကားသည့် အကြမ်းဖက် သောင်းကျန်းသူများ၏ လုပ်ဆောင်ချက်များအပေါ် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)မှ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)**
**အလုပ်အမှုဆောင်အဖွဲ့**

## မြန်မာနိုင်ငံ ဧဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ် သဘောထား ထုတ်ပြန်ချက်

**၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်**

အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့ရှိ ဘုရား၊ စေတီ၊ ပုထိုးများ၊ ဘာသာရေးဆိုင်ရာ အဆောက်အဦများ၊ ဘုရားရှိခိုးကျောင်းများကို ပစ်ခတ်ဖျက်ဆီးခြင်းများပြုလုပ်ခြင်းနှင့် ဘုရားစေတီများကို အကာအကွယ်ယူပြီး ခံစစ်စခန်းများပြုလုပ်ကာ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ခြင်း စသည်တို့ကို ကျူးလွန်လျက်ရှိသည်။

ထိုသို့ ဗုဒ္ဓဘာသာဝင်များ ယုံကြည်ကိုးကွယ်ရာ ဘာသာ၊ သာသနာကို ယုတ်မာရိုင်းစိုင်းစွာ စော်ကားဖျက်ဆီးနေသည့် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များ၏ လုပ်ရပ်များသည် မည်သို့မျှ လက်ခံနိုင်ဖွယ်ရာမရှိသည့်အတွက် မြန်မာနိုင်ငံ ဧဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်က လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံဧဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်**

## ပြည်ထောင်စုမြန်မာနိုင်ငံ မက်သဒစ်အသင်းတော် (အောက်မြန်မာပြည်) သဘောထားထုတ်ပြန်ချက်

**၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်**

ဗုဒ္ဓဘာသာဝင်များ ကိုးကွယ်နေသည့် ဘုရား၊ စေတီ၊ ပုထိုးများနှင့် ဗုဒ္ဓရုပ်ပွားတော်များအား ဖြိုချဖျက်ဆီးနေသည်ကို စိတ်မကောင်းစွာ မြင်တွေ့ကြားသိနေရပြီး ယခုကဲ့သို့ ဗုဒ္ဓဘာသာဝင်တို့၏ ကိုးကွယ်ယုံကြည်မှုဆိုင်ရာ ဘာသာ၊ သာသနာတို့အား ယုတ်မာရိုင်းစိုင်းစွာ စော်ကားနေသည့် လက်နက်ကိုင်အကြမ်းဖက် သောင်းကျန်းသူအဖွဲ့များကို ပြည်ထောင်စုမြန်မာနိုင်ငံမက်သဒစ်အသင်းတော် (အောက်မြန်မာပြည်)မှ လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**ပြည်ထောင်စုမြန်မာနိုင်ငံမက်သဒစ်အသင်းတော်**
**(အောက်မြန်မာပြည်)**

## လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်) သဘောထားထုတ်ပြန်ချက်

**၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်**

TNLA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က နမ့်ဆန်မြို့အဝင်ရှိ စေတီတစ်ဆူအား ဖြိုချဖျက်ဆီးပြီး ဌာပနာများ ထည့်သွင်းပူဇော်ထားသည့် ရတနာများ ယူဆောင်သွားသည်ဟု စိတ်နှလုံးမချမ်းမြေ့ဖွယ်ကြားသိရပါကြောင်းနှင့် ယခုကဲ့သို့ ဗုဒ္ဓဘာသာဝင်များအား ပြောင်ပြောင်တင်းတင်း စော်ကားနေမှုများအပေါ် လွတ်မြောက်ခြင်း အသင်းတော်(ရန်ကုန်)က လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

**လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်)**

## ယုံကြည်ခြင်း ဧဝံဂေလိအသင်းတော်(ပဲခူး) သဘောထား ထုတ်ပြန်ချက်

**၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်**

မြန်မာနိုင်ငံအတွင်းရှိ ဘုရား၊ စေတီ၊ ပုထိုးများ၊ ဗုဒ္ဓဆင်းတုတော်များအပါအဝင် ဘာသာရေးဆိုင်ရာ အဆောက်အဦများကို အကြမ်းဖက်သောင်းကျန်းသူများက ဗုံးများ၊ လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်းနှင့် ဖြိုချဖျက်ဆီးခြင်း၊ ဘုရားစေတီများကို အကာအကွယ်ယူပြီး ခံစစ်စခန်းများပြုလုပ်ကာ အကြမ်းဖက်လုပ်ရပ်များ ပြုလုပ်လျက်ရှိသည်။

ထို့ပြင် TNLA အကြမ်းဖက်သောင်းကျန်းသူများက ယခုလအတွင်းတွင်လည်း ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နမ့်ဆန်မြို့အဝင်ရှိ တောင်ကုန်းပေါ်၌ ဗုဒ္ဓ ဘာသာဝင်များ တည်ထားကိုးကွယ်ထားသည့် စေတီတော်အား ဘက်ဟိုးဖြင့် ဖြိုချဖျက်ဆီးခဲ့ပြီး ဌာပနာထားသည့် ပစ္စည်းများကိုယူဆောင်ခဲ့သည့်လုပ်ရပ်အား ယုံကြည်ခြင်း ဧဝံဂေလိအသင်းတော်(ပဲခူး)က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထား ထုတ်ပြန်အပ်ပါသည်။

**ယုံကြည်ခြင်း ဧဝံဂေလိအသင်းတော်(ပဲခူး)**

## မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်၏ သဘောထားထုတ်ပြန်ချက်

**၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်**

၁။ အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ဗုဒ္ဓဘာသာဝင်တို့၏ ဘုရား၊ စေတီ၊ ပုထိုးများ၊ ဘာသာရေးဆိုင်ရာအဆောက်အဦများ၊ ဘုရားရှိခိုးကျောင်းများကို ဗုံးများ ပစ်ချတိုက်ခိုက်ခြင်း၊ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ ဘုရားစေတီများကို အကာအကွယ်ယူပြီး ခံစစ်စခန်းများပြုလုပ်ကာ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ခြင်း စသည်တို့ကို ကျူးလွန်လျက်ရှိသည်။

၂။ ထိုသို့ အကြမ်းဖက်သောင်းကျန်းသူများ၏ ဗုဒ္ဓဘာသာဝင်များ ယုံကြည်ကိုးကွယ်ရာ ဘာသာ၊ သာသနာကို ယုတ်မာရိုင်းစိုင်းစွာ စော်ကားဖျက်ဆီးနေသည့်လုပ်ရပ်များသည် မည်သို့မျှလက်ခံနိုင်ဖွယ်ရာမရှိသည့်အတွက် မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်က ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထား ထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်**

## မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို) သဘောထားထုတ်ပြန်ချက်

**(၂၂-၁-၂၀၂၄)**

၁။ ဗုဒ္ဓဘာသာဝင်များကိုးကွယ်သည့် ဘုရားစေတီများအား ဖြိုချဖျက်ဆီးခြင်း၊ ဌာပနာထည့်သွင်း ပူဇော်ထားသည့် ရတနာများ ယူဆောင်ခြင်း၊ ဘာသာရေးဆိုင်ရာ အဆောက်အဦများအား ပစ်ခတ်ခြင်းများ လုပ်ဆောင်လျက်ရှိသည်ကို စိတ်မကောင်းဖွယ်ရာ မြင်တွေ့ကြားသိနေရပါသည်။

၂။ ယခုကဲ့သို့ ဗုဒ္ဓဘာသာဝင်များ၏ ယုံကြည်ကိုးကွယ်ရာ ဘာသာ၊ သာသနာကို လှောင်ပြောင် စော်ကားခြင်းနှင့် သာသနာဖျက်ဆီးခြင်းများအပေါ် မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူ ဖောင်ဒေးရှင်း (ဗဟို)က အကြမ်းဖက်အဖွဲ့အစည်းများအား ပြင်းထန်စွာရှုတ်ချပါကြောင်း သဘောထား ထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)**

## သန္တိဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ် သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ ၂၂ ရက်

လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များသည် ဗုဒ္ဓဘာသာဝင်များ ယုံကြည်ကိုးကွယ်သည့် ဘုရား၊ စေတီ၊ ပုထိုးများ အပါအဝင် အခြားဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ ဘုရားရှိခိုးကျောင်းများကို ရိုင်းပျစော်ကားသည့် လုပ်ရပ်များလုပ်ဆောင်လျက်ရှိသည့်အပြင် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နမ့်ဆန်မြို့ အဝင်ရှိ တောင်ကုန်းပေါ်၌ တည်ထားကိုးကွယ်ထားသည့် စေတီတော်အား TNLA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က ယခုလအတွင်းတွင် ဘက်ဟိုးဖြင့် ဖြိုချဖျက်ဆီးခဲ့ပြီး ဌာပနာထားသည့် ပစ္စည်းများကိုယူဆောင်သွားခဲ့ကြောင်း တွေ့မြင်ကြားသိနေရပါသည်။

ယခုကဲ့သို့ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များအနေဖြင့် ဘာသာရေးဆိုင်ရာ အဆောက်အအုံများနှင့် ဘုရား၊ စေတီပုထိုးများအား ဖျက်ဆီးမှုများအား သန္တိဓမ္မပါလက(ဟိန္ဒူ) အဖွဲ့ချုပ်က လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

**သန္တိဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်**

## ဘူးသီးတောင်မောင်တော ဒေသဖွံ့ဖြိုးရေးအသင်းမှ သဘောထားထုတ်ပြန်ချက်

(၂၂.၁.၂၀၂၄)

ဗုဒ္ဓဘာသာဝင်များ ယုံကြည်သက်ဝင်ကိုးကွယ်ပူဇော်နေသည့် ဘုရား၊ စေတီ၊ ပုထိုးများ၊ ဗုဒ္ဓဆင်းတုတော်များနှင့် ဘာသာရေးဆိုင်ရာ အဆောက်အအုံများကို ဖြိုချဖျက်ဆီးပြီး ဌာပနာတိုက်အတွင်း ထည့်သွင်းပူဇော်ထားသည့် ရတနာပစ္စည်းများအား ယူဆောင်သွားသည်ကို တွေ့ရှိရသည်။

ယခုကဲ့သို့ ကိုးကွယ်ယုံကြည်မှုဆိုင်ရာ ဘာသာ၊ သာသနာအား ပစ်မှတ်ထားတိုက်ခိုက်နေသည့် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များကို ဘူးသီးတောင်မောင်တောဒေသဖွံ့ဖြိုးရေးအသင်းက လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

**ဘူးသီးတောင်မောင်တော ဒေသဖွံ့ဖြိုးရေးအသင်း**

## မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ် သဘောထားထုတ်ပြန်ကြေညာချက်

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ ၂၂ ရက်

ဗုဒ္ဓဘာသာဝင်များအတွက် အထွတ်အမြတ်ထားရာ စစ်ရေးနှင့် မသက်ဆိုင်သည့် ဘာသာရေးဆိုင်ရာ အထင်ကရနေရာများအား အကြမ်းဖက်သောင်းကျန်းသူအချို့က ဖြိုချဖျက်ဆီးမှုများ ပြုလုပ်ခဲ့ခြင်းသည် ဘာသာတရားတစ်ခု၏ ကိုးကွယ်ယုံကြည်မှုကို ရိုင်းပျစော်ကားသည့် လုပ်ရပ်ဖြစ်သောကြောင့် မြန်မာနိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ်က ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ်**

## မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ ၂၂ ရက်

၁။ ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ဆန်မြို့အဝင်တောင်ကုန်းပေါ်မှ စေတီတစ်ဆူကို“ဘက်ဟိုး”ဖြင့် ဖြိုချဖျက်ဆီး၍ဌာပနာများကို TNLA အဖွဲ့က ယူဆောင်သွားကြောင်း ကြားသိရပါသည်။

၂။ ယခုကဲ့သို့ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ် မြန်မာတို့ကိုးကွယ်ရာ ဘာသာတရားကို လောဘရမ္မက်ကြီးမားစွာ ဖျက်လိုဖျက်ဆီးပြုလုပ်သည့် အကြမ်းဖက်အဖွဲ့အစည်းများကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ပြင်းထန်စွာရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး**

## မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ ၂၂ ရက်

၁။ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နမ့်ဆန်မြို့အဝင်ရှိတောင်ကုန်းပေါ်၌ တည်ထားကိုးကွယ်ထားသည့် စေတီတစ်ဆူအား ဘက်ဟိုးဖြင့် ဖြိုချဖျက်ဆီးပြီး စေတီအတွင်း ဌာပနာထားသည့် ရတနာပစ္စည်းများကို TNLA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က ယူဆောင်သွားခဲ့ကြောင်း စိတ်မကောင်းစွာ ကြားသိရပါသည်။

၂။ ထိုသို့ လုပ်ဆောင်ခဲ့သည့် TNLA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အား မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီးက ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး**

## မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်၊ တနင်္လာနေ့

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများသည် ဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်ထားရာ ဘုရား၊ စေတီ၊ ပုထိုးများအပါအဝင် ဘာသာရေးဆိုင်ရာ အဆောက်အအုံများအား ရိုင်းစိုင်းစွာဖျက်ဆီးခြင်းများကို ရည်ရွယ်ချက်ရှိရှိ ဆောင်ရွက်လျက်ရှိပြီး ယခုအခါတွင်လည်း TNLA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ နမ့်ဆန်မြို့အဝင် တောင်ကုန်းပေါ်၌ တည်ထားကိုးကွယ်ထားသည့်သက်တမ်းရှည်စေတီတော်တစ်ဆူအား ဘက်ဟိုးဖြင့် ဖြိုချဖျက်ဆီးကာ စေတီတော်အတွင်း ဌာပနာထားသည့် ပစ္စည်းများကို ယူဆောင်သွားကြကြောင်း ကြားသိရပါသည်။

ဘာသာပေါင်းစုံ အေးချမ်းစွာ အတူယှဉ်တွဲနေထိုင်လျက်ရှိသော မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာဝင်များ၏ ယုံကြည်ကိုးကွယ်ရာ ဘုရား၊ စေတီ၊ ပုထိုးများအား ဖျက်ဆီးခြင်းသည် ဘာသာရေးအရ ကိုးကွယ်ယုံကြည်မှုကို ရိုင်းပျစော်ကားသည့် လုပ်ရပ်ဖြစ်သဖြင့် ထိုကဲ့သို့ ဖျက်ဆီးမှုများလုပ်ဆောင်နေသည့် စစ်သွေးကြွလက်နက်ကိုင် သောင်းကျန်းသူအဖွဲ့များအားလုံးကို မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့က ပြင်းထန်စွာရှုတ်ချပါကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့**

## မြန်မာနိုင်ငံ သဘင်အစည်းအရုံး(ဗဟို)၏ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ ၂၂ ရက်

၁။ TNLA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ နမ့်ဆန်မြို့အဝင်ရှိ တောင်ကုန်းပေါ်၌ တည်ထားကိုးကွယ်ထားသည့် စေတီတော်အား ဘက်ဟိုးဖြင့် ဖြိုချဖျက်ဆီးပြီး ဌာပနာပစ္စည်းများ ယူဆောင်သွားသည်ဟု သိရှိရပါသည်။

၂။ ထိုသို့ ဘာသာ၊ သာသနာအား ဖျက်ဆီးစော်ကားရုံမျှမက ဌာပနာပစ္စည်းများအား ယူဆောင်သွားသည့် TNLA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အား မြန်မာနိုင်ငံ သဘင်အစည်းအရုံး(ဗဟို)က ပြင်းထန်စွာ ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)**

## ပိန္နဲကုန်းရခိုင်ဂျာမေဗလီမှ သဘောထားထုတ်ပြန်ချက်

(၂၂-၁-၂၀၂၄)

၁။ တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့ရှိ ဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်ထားရာ ဘုရား၊ စေတီ၊ ပုထိုးများအပါအဝင် ဘာသာရေးဆိုင်ရာ အဆောက်အအုံများကို အကြမ်းဖက်သောင်းကျန်းသူများက ပစ်ခတ်ခြင်း၊ ဖြိုချဖျက်ဆီးခြင်းများအပါအဝင် အခြားအကြမ်းဖက် တိုက်ခိုက်မှုများ ပြုလုပ်လျက်ရှိကြောင်း သိရှိရပါသည်။

၂။ ထိုသို့ ဗုဒ္ဓဘာသာဝင်များ အလေးအမြတ်ထား ကိုးကွယ်နေကြသည့် ဘုရားစေတီများ၊ ရုပ်ပွားတော်များနှင့် ဘာသာရေးဆိုင်ရာ အဆောက်အအုံများကို အကြမ်းဖက်ဖျက်ဆီးမှုများ ပြုလုပ်လျက်ရှိသော အကြမ်းဖက်သောင်းကျန်းသူ အဖွဲ့အစည်းများအား ပိန္နဲကုန်းရခိုင်ဂျာမေဗလီက ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**ပိန္နဲကုန်းရခိုင်ဂျာမေဗလီ**

## မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ သဘောထားထုတ်ပြန်ချက်ကြေညာချက်

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်၊ တနင်္လာနေ့

၁။ ဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်ထားကိုးကွယ်နေသည့် ဘုရားစေတီပုထိုးများ သာသနိကအဆောက်အအုံများ ဆင်းတုတော်များကို အကြမ်းဖက်သောင်းကျန်းသူအချို့က ဖြိုချဖျက်ဆီးမှုများ ပြုလုပ်ခဲ့ကြောင်း စိတ်မချမ်းမြေ့ဖွယ် သိရှိခဲ့ရပါသည်။

၂။ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ဗုဒ္ဓဘာသာဝင်များအနေဖြင့် စစ်ရေးနှင့် မသက်ဆိုင်သည့် ဘာသာရေးဆိုင်ရာ အထင်ကရနေရာများအား အကြမ်းဖက်ဖျက်ဆီးမှုပြုလုပ်ခဲ့သည့် အဆိုပါလုပ်ရပ်အပေါ် လက်မခံနိုင်ကြောင်း ဆန္ဒထုတ်ဖော်မှုများ ပြုလုပ်လျက်ရှိပါသည်။

၃။ ဗုဒ္ဓဘာသာဝင်များ၏ယုံကြည်ကိုးကွယ်ရာ သာသနိကအဆောက်အအုံများနှင့် ဘုရားစေတီပုထိုးများကို ဖျက်ဆီးသည့်လုပ်ရပ်သည် ဘာသာတရားတစ်ခု၏ ကိုးကွယ်ယုံကြည်မှုကို ရိုင်းပျစော်ကားသည့် လုပ်ရပ်အဖြစ် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက ရှုမြင်သုံးသပ်ပါကြောင်းနှင့် အဆိုပါလုပ်ရပ်အပေါ် လုံးဝလက်မခံနိုင်ပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ**

## မြန်မာနိုင်ငံ ဂီတအစည်းအရုံး (ဗဟို) ၏ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်

အကြမ်းဖက်သောင်းကျန်းသူများက တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့ရှိ ဘုရား၊ စေတီ၊ ပုထိုးများ၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ ဘုရားရှိခိုးကျောင်းများကို ဗုံးများ ပစ်ချတိုက်ခိုက်ခြင်း၊ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ ဘုရားစေတီများအား အကာအကွယ်ယူ၍ ခံစစ်စခန်းများပြုလုပ်ကာ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ခြင်း စသည်တို့ကို ကျူးလွန်လျက်ရှိရာ ယခုအခါ TNLA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့အဝင်ရှိ တောင်ကုန်းပေါ်၌ တည်ထားကိုးကွယ်ထားသည့် ဗုဒ္ဓဘာသာဝင်များအထွတ်အမြတ်ထားရာ စေတီတော်အား ဖြိုချဖျက်ဆီးခဲ့ပြီး စေတီတော်အတွင်း ဌာပနာပစ္စည်းများကိုလည်း ယူဆောင်သွားခဲ့ကြောင်း သိရပါသည်။

ထိုသို့ အကြမ်းဖက်သောင်းကျန်းသူများ၏ ဗုဒ္ဓဘာသာဝင်များ ယုံကြည်ကိုးကွယ်ရာ ဘာသာ သာသနာကို ယုတ်မာရိုင်းစိုင်းစွာ စော်ကားဖျက်ဆီးနေသည့် လုပ်ရပ်များမှာ မည်သို့မျှ လက်ခံနိုင်ဖွယ်ရာ မရှိသည့်အတွက် မြန်မာနိုင်ငံ ဂီတအစည်းအရုံး (ဗဟို)က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို)**

## မြန်မာနိုင်ငံ ပန်းချီပန်းပုအစည်းအရုံး(ဗဟို)၏ သဘောထားထုတ်ပြန်ချက်

(၂၂-၁-၂၀၂၄)

မြန်မာနိုင်ငံအတွင်းရှိ ဗုဒ္ဓဘာသာဝင်များ ယုံကြည်ကိုးကွယ်သည့် ဘုရား၊ စေတီ၊ ပုထိုးများ၊ ဗုဒ္ဓဆင်းတုတော်များအပါအဝင် အခြားဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ ဘုရားရှိခိုးကျောင်းများကို အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များသည် ယုတ်မာရိုင်းစိုင်းစွာ ဖြိုချဖျက်ဆီးသည့်လုပ်ရပ်များ ဆောင်ရွက်လျက်ရှိပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နမ့်ဆန်မြို့အဝင်ရှိ တောင်ကုန်းပေါ်၌ ဗုဒ္ဓဘာသာဝင်များ တည်ထားကိုးကွယ်ထားသည့် စေတီတော်အား TNLA အကြမ်းဖက် သောင်းကျန်းသူအဖွဲ့က ယခုလအတွင်းတွင် ဘက်ဟိုးဖြင့် ဖြိုချဖျက်ဆီးခဲ့ပြီး ဌာပနာထားသည့်ပစ္စည်းများကို ယူဆောင်သွားခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များသည် ဗုဒ္ဓဘာသာဝင်များ၏ ကိုးကွယ်ယုံကြည်မှုအပေါ် စော်ကားသည့် လုပ်ရပ်များအား မြန်မာနိုင်ငံပန်းချီပန်းပု အစည်းအရုံး(ဗဟို)က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)**



## မှော်ဘီမြို့နယ်၌ အသံမစဲမဟာပဋ္ဌာန်းကျမ်းမြတ် ရွတ်ဖတ်ပူဇော်ပွဲ ပဋ္ဌာန်းသိမ်းအောင်ပွဲအခမ်းအနား ကျင်းပ

မှော်ဘီ ဇန်နဝါရီ ၂၂

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဘေးအန္တရာယ်ကင်းရှင်းစေရန် ရည်ရွယ်၍ အသံမစဲမဟာပဋ္ဌာန်းကျမ်းမြတ် ရွတ်ဖတ်ပူဇော်ပွဲကို ဇန်နဝါရီ ၁၇ရက်မှစတင်၍ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် သီရိမင်္ဂလာ ဓာတုမယကျောင်းတိုက် သာသနဗဟိတရွှေကျောင်းတော်တွင် ရွတ်ဖတ်ပူဇော်လျက်ရှိပြီး ဇန်နဝါရီ ၂၂ ရက် ညနေပိုင်းက အသံမစဲမဟာပဋ္ဌာန်း ကျမ်းမြတ်ရွတ်ဖတ်ပူဇော်ပွဲ ပဋ္ဌာန်းသိမ်းအောင်ပွဲအခမ်းအနားကို အဆိုပါကျောင်းတော်၌ ကျင်းပသည်။

အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို၍ ဖွင့်လှစ်ပြီး မြို့နယ်သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော်များနှင့် ဆရာတော်အရှင်သူမြတ်များက အနုမောဒနာဂါထာတော်နှင့် ချီးမွမ်း ထောပနာဂါထာတော်ကို ရွတ်ဖတ်ပူဇော်ဖတ်ကြားကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ထံမှ အခမ်းအနားသို့ တက်ရောက်လာကြသည့် ခရိုင်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်နိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးအောင်ကြည်၊ အဖွဲ့ဝင်(၁)ဗိုလ်မှူးပြည့်စုံကျော်၊ အဖွဲ့ဝင်(၂)ဦးဝင်းစိုး နှင့် ဧည့်ပရိသတ်အပေါင်းတို့က ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်အရှင်သူမြတ်များအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းပြီး လှူဖွယ်ဝတ္ထုအစုစုနှင့် လှူဒါန်းမှုများအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ကောင်းမြတ်သူ(မှော်ဘီ)

## သံဖြူဇရပ်မြို့နယ်၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

သံဖြူဇရပ် ဇန်နဝါရီ ၂၂

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ကျန်းမာရေးဦးစီးဌာနက အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေး ခြင်းကို ယနေ့နံနက်ပိုင်းက ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံ၌ အခမဲ့ စမ်းသပ်စစ်ဆေးပေးသည်။

### စမ်းသပ်ဆောင်ရွက်ပေး

ထိုသို့ဆောင်ရွက်ရာတွင် သံဖြူဇရပ်မြို့နယ် ကုသရေးဦးစီးဌာနမှူး ဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများက အငြိမ်းစားနိုင်ငံ့ဝန်ထမ်း များအား သွေးတိုး၊ ဆီးချို စသည့်အခြေခံကျန်းမာရေးရောဂါဆိုင်ရာ များကို ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ဆေးကုသမှုပေးခြင်း၊ ဆေးဝါးများ အခမဲ့ ဖြန့်ဝေပေးခြင်းနှင့် လိုအပ်သည်တို့ကို စမ်းသပ်ဆောင်ရွက်ပေးပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် မြို့နယ်ဆီကုန်သည်များ အသင်းက စားအုန်းဆီ တစ်ပိဿာလျှင် ကျပ် ၅၅၀၀ နှုန်းဖြင့် ရောင်းချ ပေးခဲ့သည်။

အဆိုပါ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက် ပေးမှုများကို လစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး မြို့နယ်တွင် နိုင်ငံ့ ဝန်ထမ်း အငြိမ်းစားပင်စင်ထုတ်ယူသူ ၆၀၀ ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## ပဲခူးမြို့၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား (၁၄)ကြိမ်မြောက် လစဉ်ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေး

ပဲခူး ဇန်နဝါရီ ၂၂

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ဇန်နဝါရီ ၂၂ ရက် နံနက်ပိုင်းက တိုင်းဒေသကြီး အစိုးရအဖွဲ့ အစီအစဉ်ဖြင့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား (၁၄)ကြိမ်မြောက် လစဉ် ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးနေမှုတို့ကို သွားရောက်ကြည့်ရှုအားပေးသည်။



### လှည့်လည်ကြည့်ရှု

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပဲခူးမြို့ ခုတင်(၅၀၀)ဆံ့ အထွေထွေရောဂါကု ဆေးရုံကြီးသို့ ရောက်ရှိပြီး အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား (၁၄)ကြိမ်မြောက် လစဉ်ကျန်းမာရေး စောင့်ရှောက်မှု ဆောင်ရွက်ပေးနေမှုတို့ကို လှည့်လည်ကြည့်ရှုပြီး ကျန်းမာရေး စောင့်ရှောက်မှု လာရောက်ခံယူသည့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးစကား ပြောကြားသည်။

### ဆောင်ရွက်ပေး

အဆိုပါ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလမှစတင်၍ မြို့နယ် ၂၈ မြို့နယ်တွင် လစဉ်ပင်စင်လစာ ထုတ်ရက်တိုင်း ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးခြင်း၊ ဆီးချို/သွေးချို အခမဲ့ စစ်ဆေးပေးခြင်း၊ ဆေးဝါး တစ်လစာ အခမဲ့ထောက်ပံ့ပေးခြင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းနှင့် အခြေခံစားသောက်ကုန်များ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

## တိုက်ကြီးမြို့နယ်၌ မြို့နယ်အဆင့် ပညာရေးစုံညီပွဲတော် ကျင်းပ

တိုက်ကြီး ဇန်နဝါရီ ၂၂

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်တွင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် မြို့နယ်ပညာရေးစုံညီပွဲတော်နှင့် ကာယ၊ ဉာဏ ဆုနှင်းသဘင်အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက အခြေခံပညာအထက်တန်းကျောင်း(တိုက်ကြီး) အနော်ရထာခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုက်ကြီးခရိုင် ပညာရေးမှူး ဒေါ်စန္ဒာဦးနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးတို့က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးဌေးဌေးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ဆက်လက်၍ ခရိုင်၊ မြို့နယ်အဆင့် ဆုရကျောင်းများအား ဆုချီးမြှင့်ခြင်း၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ကာယ၊ ဉာဏ စွမ်းရည်ဆုရရှိသော ကျောင်းသား ကျောင်းသူများကို ခရိုင်ပညာရေးမှူး ဒေါ်စန္ဒာဦး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်စိုး နှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ပြီး ကျောင်းသား ကျောင်းသူများက တေးသရုပ်ဖော်အကအလှများဖြင့် ဖျော်ဖြေခဲ့ကြောင်း သိရသည်။

ဉာဏ်ဟိန်း

## ကျောင်းကုန်းမြို့၌ ပင်စင်စားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုပေး

ကျောင်းကုန်း ဇန်နဝါရီ ၂၂

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် မိုးလုံလေလုံ အားကစားခန်းမ၌ ပင်စင်စားနိုင်ငံ့ဝန်ထမ်းများအား ယနေ့ နံနက် ၇ နာရီက ပင်စင်ထုတ်ပေးပြီး ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့သည်။



ဦးစွာ ပင်စင်စားနိုင်ငံ့ဝန်ထမ်းများအား တိုကင်နံပါတ်ပြားပေး၍ ကြက်သားဆန်ပြုတ် အာဟာရကျွေးမွေးခြင်း၊ မြန်မာ့စီးပွားရေးဘဏ်မှ ပင်စင်ငွေများ ထုတ်ပေးပြီး ပင်စင်စားများအား ကျန်းမာရေးဌာနမှ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထပ်ဆောင်းထိုးနှံပေးပြီး တိုင်းရင်းဆေးဌာနမှ ကွင်းဆင်း ကုသပေးသည်။ ထို့နောက် အခြေခံစားသောက်ကုန်များဖြစ်သည့် စားသုံးဆီ တစ်ပိဿာလျှင် ငွေကျပ် ၅၈၀၀ နှုန်းဖြင့်လည်းကောင်း၊ ကြက်ဥ ငါးလုံးလျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြင့် လည်းကောင်း၊ ဆန်တစ်ပြည်လျှင် ငွေကျပ် ၃၀၀၀ နှုန်းဖြင့်လည်းကောင်း ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးသည်။

အဆိုပါ ကျန်းမာရေးစောင့်ရှောက်မှုပေးနေရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်းနှင့် တာဝန်ရှိသူများက အားပေးကူညီစောင့်ရှောက်ပေးခဲ့ကြောင်း သိရသည်။

ဝင်းကြိုင်(ပြန်/ဆက်)

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် ဇန်နဝါရီ ၂၂

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင်FM၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"လက်နက်ကိုင်သောင်းကျန်းသူများ၏ ဘုရားပုထိုးများဖျက်ဆီးမှုအပေါ် ကန့်ကွက်ရှုတ်ချ"** ခေါင်းစဉ်ဖြင့် ဇန်နဝါရီ ၂၄ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည် ဖြစ်သည်။

အလားတူ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"အနာဂတ်နိုင်ငံတော်အတွက် ကလေးငယ်များအား ပညာသင်ကြားပေးနေသည့် ကျောင်းဆရာ/ ဆရာမများအား အကြောင်းမဲ့ဖမ်းဆီးသတ်ဖြတ်နှိပ်စက်နေသည့် အကြမ်းဖက်သမားများ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည် ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ဓာတ်ခွဲနမူနာစုစုပေါင်း ၁၅၁၁၇ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၆၄ ဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ အပတ်စဉ် သတင်းထုတ်ပြန်ချက် (၂၂-၁-၂၀၂၄)ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၁၄-၁-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၁-၁-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၅၁၁၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၆၄) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၄၂) ရာခိုင်နှုန်း ဖြစ်ပါသည်။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် နိုင်ငံ့ဝန်ထမ်းပင်စင်စားများအား သက်သာသောဈေးနှုန်းဖြင့် အခြေခံစားသောက်ကုန်များရောင်းချပေးနေမှု ကြည့်ရှုအားပေး

**ပုသိမ် ဇန်နဝါရီ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ မြန်မာ့စီးပွားရေးဘဏ်၌ ပင်စင်လာရောက်ထုတ်ယူသည့် နိုင်ငံ့ဝန်ထမ်းပင်စင်စားများအား သက်သာသောဈေးနှုန်းဖြင့် အခြေခံစားသောက်ကုန်များ ရောင်းချပေးနေမှုများနှင့် ကျန်းမာရေးစောင့်ရှောက်ပေးနေမှုများကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက သွားရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပုသိမ်မြို့ မြန်မာ့စီးပွားရေးဘဏ်ခွဲတွင် ပင်စင်လာရောက်ထုတ်ယူသည့် နိုင်ငံ့ဝန်ထမ်းပင်စင်စားများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားများ ပြောကြားခဲ့ပြီး ပင်စင်ထုတ်ယူရာတွင် မြန်ဆန်စွာဆောင်ရွက်ပေးနိုင်ရေးနှင့် အဆင်ပြေစွာဆောင်ရွက်ပေးနိုင်ရေး တာဝန်ရှိသူများအား မှာကြားသည်။ ဆက်လက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် နိုင်ငံ့ဝန်ထမ်းပင်စင်စားများကို ဆန်၊ ဆီ၊ ကြက်ဥ စသည့် အခြေခံစားသောက်ကုန်များအား သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးနေမှုများကို ကြည့်ရှုအားပေးခဲ့ပြီး ပင်စင်စားများ လွယ်ကူစွာဝယ်ယူနိုင်စေရေး၊ သက်သာသောနှုန်းထားများဖြင့် ရောင်းချပေးနိုင်ရေး သက်ဆိုင်ရာဌာနများ ပေါင်းစပ်ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပုသိမ်ပြည်သူ့ဆေးရုံကြီး၌ နိုင်ငံ့ဝန်ထမ်းပင်စင်စားများအား ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးစောင့်ရှောက်ပေးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)





# ချောင်းဆုံမြို့နယ်၌ အငြိမ်းစားပင်စင် ထုတ်ယူသူများအား ကျန်းမာရေးစောင့်ရှောက်မှုများနှင့် အားဖြည့်အစားအစာများ ထောက်ပံ့

**ချောင်းဆုံ ဇန်နဝါရီ ၂၂**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်တွင် နိုင်ငံ့ဝန်ထမ်း (အငြိမ်းစားပင်စင်) လာရောက်ထုတ်ယူသူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးခြင်းနှင့် အားဖြည့်အစားအစာများ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းက ချောင်းဆုံမြို့နယ် မြန်မာ့စီးပွားရေးဘဏ်(ခွဲ)တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်နိုင်ဝင်းနှင့်အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဆောင်ရွက်ခဲ့ကြသည်။

**ထောက်ပံ့ပေးအပ်**

ချောင်းဆုံမြို့နယ် မြန်မာ့စီးပွားရေးဘဏ်(ခွဲ)တွင် လစဉ် ၂၂ ရက်မှ စတင်၍ နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား) ပင်စင်ငွေများ ထုတ်ပေးလျက်ရှိရာ လာရောက်ထုတ်ယူသူ ၁၂၅၃ ဦးခန့်ရှိကြောင်း၊ ပင်စင်ငွေလာရောက်ထုတ်ယူသူများအား မြို့နယ်ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများကို အခမဲ့ဆောင်ရွက်ပေးခြင်းနှင့် အားဖြည့်အစားအစာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ကျိုက်မရောမြို့နယ်၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုနှင့်အခြေခံစားသောက်ကုန်ပစ္စည်းများ ပေးအပ်

**ကျိုက်မရော ဇန်နဝါရီ ၂၂**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်၌ မွန်ပြည်နယ် အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် နိုင်ငံ့ဝန်ထမ်း အငြိမ်းစားများအား အခမဲ့ကျန်းမာရေး စစ်ဆေးကုသပေးခြင်းကို ယနေ့နံနက် ၈ နာရီက ကျိုက်မရောမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခန်းမ၌ ဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ ဆောင်ရွက်ရာတွင် ကျိုက်မရောမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိုးဦး၏ ကြီးကြပ်မှုဖြင့် ကျန်းမာရေးဦးစီးဌာနမှ ကုသရေးဦးစီးဌာနမှူး ဒေါက်တာ ကျော်ဇင်ထွန်းနှင့် ကျန်းမာရေး ဝန်ထမ်းများက အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ဆီးချို၊ သွေးတိုး၊ နှလုံးရောဂါ စသည့် အခြေခံကျန်းမာရေးများကို စမ်းသပ်ပေးခြင်း၊ စစ်ဆေးကုသပေးခြင်း၊ ဆေးဝါးများ အခမဲ့ပေးခြင်းများကို အငြိမ်းစားပင်စင်လစာထုတ်ပေးသည့် ရက်များ၌ နေ့စဉ်နံနက် ၈ နာရီမှစတင်ကာ မွန်းတည့် ၁၂ နာရီအထိ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါ အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်ပေးခြင်းကို လစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ကျန်းမာရေး လာရောက်စစ်ဆေးသည့် ပင်စင်စားများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အာဟာရများ ကျွေးမွေးပြီး ခေါက်ဆွဲခြောက်ထုပ်များနှင့် ကြက်ဥများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

မိချို(ပြန်/ဆက်)

✪ ကျောဖုံးမှ

ဖလားပြိုင်ပွဲ သွားရောက်ကစားနေရခြင်း၊ အလက်ဇန္ဒားအာနီး၊ ရောဘတ်ဆန်တို့ ဒဏ်ရာပြဿနာကြုံတွေ့နေရခြင်းနဲ့ ဂျပန်ကွင်းလယ်ကစားသမားအန်ဒို အာရှဖလား သွားရောက်ကစားနေခြင်းတို့ကြောင့် ကစားသမားအများစု မပါဝင်နိုင်ခဲ့ပေမယ့် ဘုန်းမောက်အသင်းရဲ့ အိမ်ကွင်းမှာ ဂိုးပြတ်နိုင်ပွဲရရှိအောင် စွမ်းဆောင်နိုင်ခဲ့တာဖြစ်ပါတယ်။

လီဗာပူးအသင်းဟာ ပရီမီယာလိဂ်ပြိုင်ပွဲမှာ အမှတ်ပေးဇယားထိပ်ဆုံးမှာ ရပ်တည်နေသလို အက်ဖ်အေဖလားပြိုင်ပွဲမှာ စတုတ္ထအဆင့်၊ အီးအက်ဖ်အယ်လ်ဖလားပြိုင်ပွဲမှာ ဆီမီးဖိုင်နယ်အဆင့် စသည်ဖြင့် တက်လှမ်းခွင့်ရရှိထားပြီး ဇန်နဝါရီ ၂၄ ရက်မှာ အီးအက်ဖ်အယ်လ်ဖလား ဆီမီးဖိုင်နယ်အဆင့် ဒုတိယအကျော့ပွဲစဉ်အဖြစ် ဖူလ်ဟမ်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာ ဖြစ်ပါတယ်။

ဘုန်းမောက်အသင်းကတော့ လီဗာပူးအသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် ပရီမီယာလိဂ် ပွဲစဉ်(၂၀)ပွဲ ယှဉ်ပြိုင်ကစားပြီးချိန်မှာ အမှတ်ပေးဇယားအဆင့် ၁၂ နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

ငွေကြယ်

## မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် ဇန်နဝါရီ ၂၂**

နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် အများအားဖြင့်သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/ဇလ

# ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်တွင် ငွေကျပ် ဘီလီယံ ၃၀ တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ကီလို ၂၀၀၀(နှစ်တန်) သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၂၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်တွင် ငွေကျပ် ဘီလီယံ ၃၀ တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ကီလို ၂၀၀၀ (နှစ်တန်) သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁၇ ရက် နံနက် ၇ နာရီခွဲတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် မကျီးရေကျေးရွာအနီးတွင် ရပ်စောက်မှ နောင်ချိုသို့ နိုင်ဦး မောင်းနှင်ပြီး ချစ်ကောင်း လိုက်ပါလာသည့် FUSO ၁၂ ဘီး ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်တွင် စက္ကူဂျပ်ဖာများနှင့် ဘီယာဖာများ၏အောက်၌ ဖုံးအုပ်သိုဝှက်သယ်ဆောင်လာသည့် ဒေသကာလတန်ဖိုးငွေကျပ် ဘီလီယံ ၃၀ တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ကီလို ၂၀၀၀(နှစ်တန်)သိမ်းဆည်းရမိခဲ့သည်။

စစ်ဆေးဖော်ထုတ်ချက်အရ ယင်းနေ့ မွန်းလွဲ ၁ နာရီတွင် သိမ်းဆည်းရမိ အိုက်စ်(မက်သ်အဖက်တမင်း)များ သယ်ဆောင်ခိုင်းသူ ဇော်မျိုးလင်း(ခ)ကိုလင်းအား ရပ်စောက်တိုးဂိတ်တွင် ဆက်လက်ဖမ်းဆီးရမိခဲ့ပြီး သိမ်းဆည်းရမိ အိုက်စ်(မက်သ်အဖက်တမင်း)များကို ရှမ်းပြည်နယ်မှ ဧရာဝတီတိုင်းဒေသကြီးသို့ သယ်ဆောင်ကာ ထိုမှတစ်ဆင့် ပင်လယ်ရေကြောင်းဖြင့် ပြည်ပသို့သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



သိမ်းဆည်းရမိသည့် အိုက်စ်(မက်သ်အဖက်တမင်း)များနှင့်အတူ တွေ့ရစဉ်။

# ကော့သောင်းကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

ကော့သောင်း ဇန်နဝါရီ ၂၂

ကော့သောင်းကုန်သွယ်ရေးစခန်းသည် တစ်ဖက်ထိုင်းနိုင်ငံသို့ ရေထွက်ပစ္စည်းများကို FOB စနစ်ဖြင့် အဓိကတင်ပို့နေသော ပို့ကုန်အသာစီးရသည့် စခန်းတစ်ခုဖြစ်သည်။ အဓိကတင်ပို့နေသော ပစ္စည်းများမှာ ငါးမျိုးစုံ၊ ပုစွန်၊ ရေဘဝဲ၊ ကဏန်း၊ ကင်းမွန်အစို/အခြောက်၊ ငါးပါကင်၊ ဆီအုန်းတို့ဖြစ်သည်။

ဇန်နဝါရီ ၁၇ ရက်မှ ၂၁ ရက်အထိ အများဆုံးတင်ပို့နိုင်သည့် ပို့ကုန်ပစ္စည်း ၁၀ မျိုးမှာ ပလာတူးခက် တန်ချိန် ၈၅၇ ဒသမ ၅၅၄ တန်၊ ငါးနီငယ် တန်ချိန် ၁၄၈ ဒသမ ၄၃၀ တန်၊ ငါးချဉ်ပေါင် တန်ချိန် ၉ ဒသမ ၄၈၀ တန်၊ ကဏန်းဘုန်းကြီးတန်ချိန် ၇ ဒသမ ၅၀၀ တန်၊ ပလာတူး တန်ချိန် ၁၄၅ ဒသမ ၃၄၀ တန်၊ ငါးကုန်းညှိုတန်ချိန် ၄၉ ဒသမ ၄၄၀ တန်၊ ကျောက်ငါးတန်ချိန် ၈၈၀၊ ဇလွယ် တန်ချိန် ၂၅၂၀၊ စမတ် တန်ချိန် ၁၀၆၀ နှင့် မုတ်ဖြူ တန်ချိန် ၂၄၀ တို့ဖြစ်သည်။

အများဆုံးတင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်းမှာ ဒီဇယ်ဆီ၊ ဘက်ထရီ၊ ပလတ်စတစ်ပိုက်၊ ဓာတုပစ္စည်း၊ စားသောက်ကုန်ကြမ်း၊ ပလတ်စတစ်လိပ်နှင့် ပလတ်စတစ်ဖျာတို့ဖြစ်ကြောင်း သိရသည်။

# ကံပိုင်တည်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

ကံပိုင်တည် ဇန်နဝါရီ ၂၂

ကံပိုင်တည်ကုန်သွယ်ရေးစခန်းမှ ဇန်နဝါရီလ ကုန်သွယ်မှုလျာထားချက်မှာ ပို့ကုန် ဒေါ်လာ ၁၇ သန်းနှင့် သွင်းကုန် ဒေါ်လာ ၂ ဒသမ ၅ သန်းဖြင့် စုစုပေါင်း ဒေါ်လာ ၁၉ ဒသမ ၅ သန်း ဖြစ်သည်။ ဇန်နဝါရီ ၁ ရက်မှ ၂၀ ရက်အထိ အမှန်ကုန်သွယ်မှုမှာ ပို့ကုန် ဒေါ်လာ ၂၁ ဒသမ ၆၀၄ သန်း၊ သွင်းကုန် ဒေါ်လာ ၁ ဒသမ ၆၆၉ သန်း စုစုပေါင်း ဒေါ်လာ ၂၃ ဒသမ ၂၇၃ သန်းဖြစ်သဖြင့် ကုန်သွယ်မှုလျာထားချက်အပေါ် ၁၁၉ ဒသမ ၃၄၈ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့သဖြင့် ဇန်နဝါရီလ၏ ကုန်သွယ်မှုလျာထားချက်အပေါ် ပြည့်မီကျော်လွန်အောင် ဆောင်ရွက်နိုင်ခဲ့သည်။

ဇန်နဝါရီ ၂၀ ရက်အထိ ပို့ကုန်ပိုင်းတွင် အဓိကပို့ကုန်ဖြစ်သည့် တစ်သျှူးငှက်ပျော တင်ပို့မှုအနေဖြင့် တန်ချိန် ၅၈၁၇၅ တန်၊ ဖရဲသီး တန်ချိန် ၃၅၀၊ ရော်ဘာ တန်ချိန် ၁၀၅ တန်၊ ငရုတ်သီး တန်ချိန် ၄၀၇ တန်၊ ဆန် တန်ချိန် ၅၂၄ တန်၊ ကြက်သွန်နီ တန်ချိန် ၆၈ တန်နှင့် ရွှေဖရုံသီး တန်ချိန် ၁၂၀ တင်ပို့နိုင်ခဲ့သည်။

အများဆုံးသွင်းကုန်ပစ္စည်းများမှာ သံပြား၊ သံပိုက်၊ မြက်ခင်းတု၊ ပန်းသီး ၊ လိမ္မော်သီး၊ ကြွေပြားနှင့် ရင်းနှီးမြှုပ်နှံမှုပစ္စည်း၊ လုပ်ငန်းသုံးပစ္စည်းနှင့် လူသုံးကုန်ပစ္စည်းတို့ တင်သွင်းနိုင်ခဲ့သည်။

## သတင်းရင်းမြစ် – စီးပွား/ကူးသန်း

# ရွှေဘိုမြို့၌ နှမ်းဈေးကောင်းရရှိလျက်ရှိပြီး ဝင်ရောက်သမျှ အရောင်းအဝယ်ဖြစ်

စစ်ကိုင်း ဇန်နဝါရီ ၂၂



စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ရှိ ပဲ၊ နှမ်းကုန်စည်ဒိုင်သို့ ၂၀၂၃ ခုနှစ် နိုဝင်ဘာလ တတိယပတ်မှစတင်၍ နှမ်းဖြူနှင့်နှမ်းနက်များ ဝင်ရောက်ခဲ့ရာ ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ဒုတိယပတ်တွင် ဆက်လက်ဝင်ရောက်လျက်ရှိပြီး အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းများမှာ နှမ်းဖြူတစ်တင်းလျှင် ကျပ် ၁၁၆၅၀၀ ဈေးနှုန်းဖြင့် တစ်ပတ်အတွင်း တင်း ၃၆၀၀၊ တန်အားဖြင့် ၈၈ တန်ကိုလည်းကောင်း၊ နှမ်းနက်တစ်တင်းလျှင် ကျပ် ၁၁၈၃၀၀ ဈေးနှုန်းဖြင့် တစ်ပတ်အတွင်း တင်း ၆၃၀၀၊ တန်အားဖြင့် ၁၅၄ တန်ကိုလည်းကောင်း အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ ဇန်နဝါရီလ ပထမပတ်နှင့် ဇန်နဝါရီလ ဒုတိယပတ်အတွင်း အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းများကို နှိုင်းယှဉ်ပါက ဇန်နဝါရီလ ပထမပတ်တွင် နှမ်းဖြူတစ်တင်းလျှင် ကျပ် ၁၀၆၀၀၀ နှင့် နှမ်းနက်တစ်တင်းလျှင် ကျပ် ၁၁၃၀၀၀ ပေါက်ဈေးရှိခဲ့သဖြင့် ဇန်နဝါရီလ ဒုတိယပတ်တွင် နှမ်းဖြူတစ်တင်းလျှင် ကျပ် ၁၀၅၀၀နှင့် နှမ်းနက်တစ်တင်းလျှင် ကျပ် ၅၃၀၀ ပိုမိုရရှိခဲ့ပြီး နှမ်းသီးနှံများအဝင်များကာ ဝင်ရောက်သမျှ အရောင်း အဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

# ကျောက်ဆည်ခရိုင်၌ ဆောင်းမြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

မန္တလေး ဇန်နဝါရီ ၂၂

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်သည် ဆည်ရေသောက်ဒေသဖြစ်သောကြောင့် လယ်ယာထွက်ကုန်သီးနှံမျိုးစုံ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိပြီး အဆိုပါသီးနှံများအနက် မြေပဲသီးနှံကိုလည်း တောင်သူများ တိုးချဲ့စိုက်ပျိုးလျက်ရှိကြောင်း၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဆောင်းမြေပဲ စိုက်ပျိုးရန်လျာထားဧက ၁၀၇၈ ဧကရှိပြီး ကျောက်ဆည်မြို့နယ်တွင် ၂၉၇ ဧက၊ စဉ့်ကိုင်မြို့နယ်တွင် ၅၆ ဧက၊ မြစ်သားမြို့နယ်တွင် ၈၀၃ ဧက တို့ဖြင့် စုစုပေါင်း ဆောင်းမြေပဲစိုက်ဧက ၁၁၅၆ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

စိုက်ပျိုးမှုအနေဖြင့် ဆောင်းမြေပဲများကို စက်တင်ဘာလနှင့် အောက်တိုဘာလများတွင် စိုက်ပျိုးကြပြီး ကုန်ကျစရိတ်အနေဖြင့် တစ်ဧကလျှင် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် စုစုပေါင်းကျပ် ၅၃၀၀၀၀ ခန့် ကုန်ကျကြောင်း သိရသည်။ ယခင်နှစ် မြေပဲဈေးနှုန်းများအနေဖြင့် မိုးမြေပဲတောင့် တစ်တင်းလျှင် ကျပ် ၃၆၀၀၀၊ မြေပဲဆန် တစ်ပိဿာလျှင် ကျပ် ၅၆၀၀၊ မြေပဲဆီ တစ်ပိဿာလျှင် ကျပ် ၁၃၅၀၀ ရရှိခဲ့ပြီး ယခုအချိန်တွင် ဆောင်းမြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိရာ မြေပဲပေါ်ချိန်တွင် ဈေးနှုန်းကောင်းမွန်ပါက အကျိုးအမြတ်များ ပိုမိုရရှိနိုင်ကြောင်း မြေပဲစိုက်တောင်သူတစ်ဦးထံမှ သိရသည်။

# ရွှေဘိုမြို့ရှိ ပဲ၊ နှမ်း ကုန်စည်ဒိုင်သို့ ပဲစင်းငုံများ အမြင့်ဈေးဖြင့် စတင်ဝင်ရောက်လျက်ရှိ

စစ်ကိုင်း ဇန်နဝါရီ ၂၂

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ရှိ ပဲ၊ နှမ်းကုန်စည်ဒိုင်သို့ ဇန်နဝါရီလ ဒုတိယပတ်တွင် ပဲစင်းငုံအနီ၊ ပဲစင်းငုံအဖြူများ စတင်ဝင်ရောက်



လာပြီး အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းများမှာ ပဲစင်းငုံအနီ တစ်တင်းလျှင် ကျပ် ၁၁၀၀၀၀ ဈေးနှုန်းဖြင့် တစ်ပတ်အတွင်း တင်း ၂၇၀၀၊ တန်အားဖြင့် ၈၈ တန် ကိုလည်းကောင်း၊ ပဲစင်းငုံအဖြူ တစ်တင်းလျှင် ကျပ် ၁၀၃၀၀၀ ဈေးနှုန်းဖြင့် တစ်ပတ်အတွင်း တင်း ၁၈၀၀၊ တန်အားဖြင့် ၅၉ တန်ကိုလည်းကောင်း အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ ယခင်နှစ်နှင့် ယခုနှစ် အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းများ နှိုင်းယှဉ်ပါက ယခင်နှစ်၌ ပဲစင်းငုံအဖြူ တစ်မျိုးတည်းကိုသာ အရောင်းအဝယ်ဖြစ်ခဲ့ပြီး တစ်တင်းလျှင် ကျပ် ၅၅၀၀၀ ပေါက်ဈေးရှိခဲ့သဖြင့် ယခုနှစ်တွင် ယခင်နှစ်ကထက် ပဲစင်းငုံအဖြူ တစ်တင်းလျှင် ကျပ် ၉၇၅၀၀ ဈေးပိုမိုရရှိခဲ့သည့်အပြင် ပဲစင်းငုံအနီများလည်း အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

### ၂၂.၁.၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၂၈၀၀ | | ၆၅၀၀ | ၁၆၀၀၀ | ၅၈၀၀ | ၁၆၀၀၀ | ၄၀၀၀ | ၁၈၀၀၀ | ၉၀၀၀ | ၅၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၈၀၀၀ | ၇၅၀၀ | ၅၀၀၀ | ၂၅၀၀ | ၅၀၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၆၀၀၀ |
| ၂ | လားရှိုး | ၃၆၀၀ | | ၇၃၀၀ | ၁၇၀၀၀ | ၆၃၀၀ | ၁၆၀၀၀ | ၄၅၀၀ | ၁၃၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၇၇၀၀ | ၄၀၀၀ | ၃၅၀၀ | ၄၅၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၉၀၀ | | ၇၀၀၀ | ၁၆၀၀၀ | ၆၂၀၀ | ၁၆၅၀၀ | ၄၅၀၀ | ၁၆၅၀၀ | ၁၀၀၀၀ | ၅၅၀၀ | ၅၀၀၀ | ၁၂၀၀ | ၉၅၀၀ | ၇၅၀၀ | ၃၇၀၀ | ၃၅၀၀ | ၄၈၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၁၇၀၀၀ |
| ၄ | တောင်ကြီး | ၃၂၀၀ | ၃၀၀၀ | ၆၃၀၀ | ၁၆၅၀၀ | ၅၇၀၀ | ၁၉၀၀၀ | ၃၅၀၀ | ၁၃၅၀၀ | ၁၃၀၀၀ | ၆၅၀၀ | ၅၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၇၀၀၀ | ၃၅၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၈၀၀၀ | ၁၅၀၀၀ |
| ၅ | လွိုင်ကော် | | | | | | | | | | | | | | | | | | | | | | |
| ၆ | ဘားအံ | ၃၂၀၀ | | ၅၂၀၀ | ၁၅၀၀၀ | ၅၆၀၀ | ၁၄၀၀၀ | ၃၅၀၀ | ၁၈၀၀၀ | ၁၂၀၀၀ | ၆၈၀၀ | ၆၀၀၀ | ၈၀၀ | ၇၅၀၀ | ၇၀၀၀ | ၃၀၀၀ | ၃၂၀၀ | ၄၂၀၀ | ၁၀၅၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၃၃၀၀ | | ၅၁၀၀ | ၁၆၀၀၀ | ၅၅၈၅ | ၁၆၀၀၀ | ၄၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၈၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၄၄၀၀ | ၁၀၀၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၈ | ထားဝယ် | ၃၉၀၀ | | ၆၇၅၀ | ၁၇၀၀၀ | ၅၇၀၀ | ၁၄၅၀၀ | ၃၅၀၀ | ၁၈၅၀၀ | ၁၄၀၀၀ | | ၅၀၀၀ | ၆၀၀ | ၇၉၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၅၀၀ | ၄၅၀၀ | ၁၂၅၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၃၅၀၀ | | ၅၂၀၀ | ၁၆၀၀၀ | ၅၈၀၀ | ၁၄၀၀၀ | ၃၅၀၀ | ၁၇၅၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၆၅၀၀ | ၁၁၀၀ | ၉၃၀၀ | ၇၂၀၀ | ၃၃၀၀ | ၃၇၀၀ | ၄၃၀၀ | ၁၂၅၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | |
| ၁၀ | ရန်ကုန် | ၃၃၀၀ | | ၅၀၀၀ | ၁၆၀၀၀ | ၅၄၇၅ | ၁၈၀၀၀ | ၃၈၀၀ | ၂၂၀၀၀ | ၁၃၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၈၀၀ | ၇၅၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၈၀၀ | ၄၆၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၃၄၀၀ | | ၅၂၅၀ | ၁၆၀၀၀ | ၅၇၀၀ | ၁၆၅၀၀ | ၂၂၀၀ | ၂၂၀၀၀ | ၁၁၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၃၀၀ | ၆၅၀၀ | ၆၈၀၀ | ၄၀၀၀ | ၃၄၀၀ | ၄၀၀၀ | ၁၀၀၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၂၅၀၀၀ | ၈၅၀၀ |
| ၁၂ | စစ်တွေ | | | | | | | | | | | | | | | | | | | | | | |
| ၁၃ | ဟားခါး | ၆၅၀၀ | | ၈၀၀၀ | ၁၉၅၀၀ | - | ၄၅၀၀၀ | ၇၀၀၀ | ၂၅၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၁၁၅၀၀ | | ၅၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၂၀၀၀၀ | | ၂၂၀၀၀ |
| ၁၄ | မုံရွာ | ၄၈၀၀ | ၄၄၀၀ | ၅၈၀၀ | ၁၂၅၀၀ | ၆၁၀၀ | ၁၂၀၀၀ | ၂၈၀၀ | ၁၃၅၀၀ | ၁၃၅၀၀ | ၉၀၀၀ | ၄၀၀၀ | ၇၀၀ | ၇၀၀၀ | ၈၀၀၀ | ၃၀၀၀ | ၂၈၀၀ | ၄၂၀၀ | ၁၁၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၁၉၀၀၀ | ၁၂၀၀၀ |
| ၁၅ | မန္တလေး | ၄၀၀၀ | | ၆၅၀၀ | ၁၂၀၀၀ | ၅၉၇၅ | ၁၂၀၀၀ | ၃၅၀၀ | ၁၄၀၀၀ | ၁၃၀၀၀ | ၆၅၀၀ | ၆၀၀၀ | ၈၀၀ | ၈၀၀၀ | ၆၅၀၀ | ၅၅၀၀ | ၃၃၀၀ | ၄၄၀၀ | ၁၀၀၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၁၆ | ပခုက္ကူ | ၃၅၀၀ | | ၅၅၀၀ | ၁၃၀၀၀ | ၅၇၀၀ | ၁၇၀၀၀ | ၂၃၀၀ | ၁၆၀၀၀ | ၁၃၀၀၀ | ၉၀၀၀ | ၄၅၀၀ | ၆၅၀ | ၇၅၀၀ | ၈၅၀၀ | ၂၈၀၀ | ၃၀၀၀ | ၄၃၀၀ | ၁၁၀၀၀ | ၁၈၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၉၀၀၀ |
| ၁၇ | မကွေး | ၃၅၀၀ | | ၆၇၀၀ | ၁၄၀၀၀ | ၅၈၀၀ | ၁၃၀၀၀ | ၂၄၀၀ | ၁၄၀၀၀ | ၁၂၅၀၀ | ၈၅၀၀ | ၅၀၀၀ | ၇၀၀ | ၆၂၀၀ | ၆၂၀၀ | ၃၂၀၀ | ၃၅၀၀ | ၄၂၀၀ | ၁၁၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၂၅၀၀ |
| ၁၈ | ပြည် | ၃၃၀၀ | | ၅၃၀၀ | ၁၄၀၀၀ | ၅၇၀၀ | ၁၈၀၀၀ | ၂၅၀၀ | ၁၈၀၀၀ | ၁၁၀၀၀ | | ၆၅၀၀ | ၆၀၀ | ၇၀၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၆၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၉ | ပဲခူး | ၃၃၀၀ | | ၅၂၀၀ | ၁၄၀၀၀ | ၅၇၀၀ | ၁၅၀၀၀ | ၃၀၀၀ | ၁၉၀၀၀ | ၁၂၀၀၀ | | ၄၅၀၀ | ၄၅၀ | ၇၅၀၀ | ၇၃၀၀ | ၄၀၀၀ | ၃၁၀၀ | ၄၄၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၂၀ | ပျဉ်းမနား | ၃၄၀၀ | | ၆၅၀၀ | ၁၄၀၀၀ | ၅၆၀၀ | ၁၄၀၀၀ | ၃၃၀၀ | ၁၆၀၀၀ | ၁၃၀၀၀ | ၆၀၀၀ | ၅၅၀၀ | ၅၀၀ | ၇၅၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၈၀၀ | ၄၂၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၁၄၅၀၀ | ၂၄၀၀၀ | ၁၁၀၀၀ |
| ၂၁ | နေပြည်တော် | ၃၄၀၀ | | ၆၅၀၀ | ၁၄၀၀၀ | ၅၆၀၀ | ၁၆၀၀၀ | ၃၄၀၀ | ၁၈၀၀၀ | ၁၃၀၀၀ | ၆၂၀၀ | ၆၀၀၀ | ၅၀၀ | ၇၅၀၀ | ၇၀၀၀ | ၄၂၀၀ | ၄၀၀၀ | ၄၂၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၄၅၀၀ | ၂၄၀၀၀ | ၁၁၀၀၀ |
| ၂၂ | ကလေး | ၃၅၀၀ | ၄၄၀၀ | | ၁၅၀၀၀ | ၇၀၀၀ | ၂၄၀၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၁၇၀၀၀ | ၅၅၀၀ | ၇၀၀၀ | ၈၀၀ | ၉၅၀၀ | ၈၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၄၃၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | | ၁၂၀၀၀ |

မှတ်ချက်။

## ဒေါ်ကျင်သောင်း (ဘ) ဦးထွန်းရီ [၁၂/ဗထတ (နိုင်) ဝ၁၅၁၆၆]နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၄)ရပ်ကွက်၊ ၅၄ လမ်း (အောက်)၊ အမှတ် (၃၁)၊ မြေညီထပ် (ယခုနေထွာ ထိုင်ဝမ်နေ) ဒေါ်ညွန့်ရီ [၁၂/ဗတထ (နိုင်) ဝ၂ဝ၅၈၆]၊ ဒေါ်ညွန့်ကြည် [၁၂/ဗတထ (နိုင်) ဝ၁၅၁၆၃]၊ ဒေါ်ညွန့်ဝင်း [၁၂/ဗတထ (နိုင်) ဝ၁၅၁၆၂]နှင့် ဦးဟုတ်ရှိန် [၁၂/ဗတထ (နိုင်) ဝ၁၅၉၃၈]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသည့် ဒေါ်ညွန့်ကြည်ပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ကြီးပွားရေး(တောင်)ရပ်ကွက်၊ သံသုမာလမ်း၊ အမှတ် (၂၅၀/က)ရှိ မြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး၊ ဒေါ်ညွန့်ဝင်း ပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ အမှတ် (၅)ရပ်ကွက်၊ အနော်ရထာလမ်းနှင့် အောက်ပုဇွန်တောင်လမ်းထောင့်၊ တိုက်အမှတ် (၁)၊ အခန်းအမှတ် (၃)၊ မြေညီထပ် တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့် ဦးဟုတ်ရှိန် ပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ် (၄)ရပ်ကွက်၊ ၅၄ လမ်း (အောက်)၊ အမှတ် (၃၁)၊ မြေညီထပ်တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ ယခုလက်ရှိ ကျွန်ုပ်မိတ်ဆွေများ၏ ခွင့်ပြုချက်ဖြင့် ငှားရမ်းထားသူများမှအပ ဤကြေညာပါရှိသည့်နေ့မှစ၍ ကျွန်ုပ်မိတ်ဆွေများ၏ ခွင့်ပြုချက်မရရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ လွှဲပြောင်း၊ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ လှူဒါန်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ အာမခံဖြင့် တင်သွင်းခြင်းတို့ကို မပြုလုပ်ရန် တားမြစ်ပါသည်။ အထက်ပါ ကျွန်ုပ်မိတ်ဆွေများ၏ မရွှေ့မပြောင်းနိုင်သော ပိုင်ဆိုင်မှုများသည် ဒေါ်ကျင်သောင်းနှင့် မည်သို့မျှပိုင်ဆိုင်ခြင်းလုံးဝမရှိပါ။ ဒေါ်ကျင်သောင်း ပြုလုပ်ထားသည့် ငွေကြေးအရှုပ်အရှင်းဟူသမျှသည်လည်း ကျွန်ုပ်မိတ်ဆွေများနှင့် မသက်ဆိုင်ကြောင်းနှင့် ဒေါ်ကျင်သောင်း၏ ငွေကြေးအရှုပ်အရှင်းများကိုလည်း ကျွန်ုပ်မိတ်ဆွေများမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

အကယ်၍ အထက်ပါတားမြစ်ချက်များကို မည်သူမဆို လိုက်နာခြင်းမရှိဘဲ ပြုလုပ်ဆောင်ရွက်ပါက ဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန်းသန်းစိန် (စဉ် - ၇၈၀၀)**
**တရားလွှတ်တော်ရှေ့နေ**
**ရုံးခန်း။ ။ အမှတ် (၈၃)၊ အခန်း (၁၁)၊ ဒုတိယထပ်၊**
**ပန်းဆိုးတန်းလမ်းမကြီး၊ (၄)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၅၄၀၆၄၀၆၊ ၀၉-၂၅၄၉၅၁၁၇၇၊ ၀၉-၇၉၅၄၂၀၉၉**

## ရေသန့်ဘူးတွင် အောက်ဖော်ပြပါအမှတ်တံဆိပ်ကို အသုံးပြုမည်ဖြစ်ပါ၍ ကန့်ကွက်နိုင်ပါကြောင်း




အထက်ဖော်ပြပါအမှတ်တံဆိပ်အား ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်၊ (၈၆)ရပ်ကွက်၊ နေကြာလမ်း၊ အမှတ်(၇၁၁)တွင် နေထိုင်လျက်ရှိသော ဒေါ်မေစိုးစံ [၁၂/သဃက(နိုင်)၁၇၃၇၁၉]က ရေသန့်များထည့်သွင်းထားသော ရေသန့်ဘူးပေါ်တွင် ကပ်နှိပ်လျက်အသုံးပြုသွားမည်ဖြစ်ပါ၍ ၎င်းအမှတ်တံဆိပ်ကို စာချုပ်စာတမ်းမှတ်ပုံတင်ထားပြီး တိုက်ရိုက်သော်လည်းကောင်း၊ ဆင်တူယိုးမှားသော်လည်းကောင်း အသုံးပြုသူများရှိပါက ကြော်ငြာပါသည့်နေ့မှ(၇)ရက်အတွင်း လူကိုယ်တိုင် လာရောက်ပြီး ကျွန်ုပ်ထံသို့သော်လည်းကောင်း၊ ဒေါ်မေစိုးစံထံသို့သော်လည်းကောင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက ဒေါ်မေစိုးစံက စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ပြီး ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မေစိုးစံ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန်းသန်းငြိမ်း(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၃၄၀၃)**
**တိုက်(၃၃/၄၉)၊ အခန်း(၃၇)၊ (ပ)ထပ်၊ Strand Condominium**
**မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၀၁၆၇၈၂၂**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ကောလိယလမ်း၊ မြေကွက်အမှတ် (၄၂၃/က)ဟုခေါ်တွင်သော ဒေါ်ခင်စန်းမြင့် အမည်ပေါက် နှစ်(၆၀)ဂရန်မူရင်း (၂၀ပေ x ၆၀ပေ) အကျယ်အဝန်းရှိသည့်အနက်မှ (ခေါင်းရင်းခြမ်း) (၁၀ပေx၆၀ပေ)ရှိ မြေပိုင်ဆိုင်မှုနှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော (၆)ထပ်တိုက်၏ ပထမထပ် (၁၈ပေx၅၅ပေ) အကျယ်အဝန်းရှိ တိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်းနှင့် ဆက်စပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဦးမျိုးမင်းအောင် [၁၂/မဂဒ(နိုင်)၁၁၀၂၂၀] မှ တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းသဖြင့် ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးမင်းချစ်ဖူး [၁၀/သထန(နိုင်)၁၉၀၂၇၉]မှ အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စ နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း (မူရင်း) အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမင်းချစ်ဖူး၏လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်အေးအေးမော် (စဉ်-၇၆၀၇)** | **ဒေါ်သူသူမင်း (စဉ်-၁၂၉၆၅)** |
| **[LL.B, D.B.L, WIPO (Switzerland)]** | **[LL.B, D.B.L, WIPO (Switzerland)]** |
| **ဒေါ်ခင်မို့မို့ထွန်း (စဉ်-၁၅၉၉၄)** | **ဒေါ်မာလာသန်းမြင့် (စဉ်-၁၈၂၅၅)** |
| **(LL.B)** | **[LL.B, WIPO (Switzerland)]** |

**(တရားလွှတ်တော်ရှေ့နေများ)**
**ဒေါ်ချယ်ရီဇော် (စဉ်-၄၄၃၉၃)**
**(LL.B)**
**(အထက်တန်းရှေ့နေ)**
**အမှတ်(၄၉)၊ အခန်း(၅+၆)၊ လမ်း(၄၀)၊ ကမ်းနားဘလောက်၊ (၉)ရပ်ကွက်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၂၆၆၂၁၅၁၂၆၆ ၊ ၀၉-၂၅၀၃၂၆၆၄၄**

## ကျန်းမာရေးဝန်ကြီးဌာန
## မကွေးတိုင်းဒေသကြီးကုသရေးဦးစီးဌာန
## (ဒုတိယအကြိမ် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ မကွေးတိုင်းဒေသကြီးကုသရေးဦးစီးဌာန၊ ခရိုင်/မြို့နယ်ကုသရေးဦးစီးဌာနများရှိ မြို့နယ်ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံများတွင် လိုအပ်သောဆေးနှင့် ဆေးဝါးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ FDA အသိအမှတ်ပြုလိုင်စင်ရဆေးကုမ္ပဏီများမှ မိမိလက်ဝယ်အမှန်တကယ်ရှိသောဆေးနှင့်ဆေးပစ္စည်းများကို အိတ်ဖွင့်တင်ဒါများ တင်သွင်းရန်နှင့် တင်ဒါအောင်မြင်သောကုမ္ပဏီများမှ တိုင်းဒေသကြီးကုသရေးဦးစီးဌာန၊ ခရိုင်/ မြို့နယ်ကုသရေးဦးစီးဌာနများရှိ ဆေးသိုလှောင်ခန်းများအရောက် တင်သွင်းပေးပို့ရမည်ဖြစ်ပါကြောင်း တင်ဒါခေါ်ယူအပ်ပါသည်။

၃။ တင်ဒါပုံစံစတင် ရောင်းချမည့်ရက် - ၂၃-၁-၂၀၂၄(တနင်္လာနေ့)
တင်ဒါပိတ်မည့်ရက် - ၅-၂-၂၀၂၄ (တနင်္လာနေ့)
တင်ဒါပိတ်မည့်အချိန် - ညနေ(၁၆:၀၀) နာရီ

၄။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့်ဆေးဝါးစာရင်းအသေးစိတ်အချက်အလက်များကိုသိရှိလိုပါက အောက်ပါလိပ်စာအတိုင်း ရုံးချိန်အတွင်းလာရောက်စုံစမ်းနိုင်ပါသည်။

**တိုင်းဒေသကြီးကုသရေးဦးစီးဌာနမှူးရုံး၊ မကွေးတိုင်းဒေသကြီး**
**ပြည်တော်သာလမ်း၊ မကွေးမြို့**
**ဖုန်း-၀၉-၄၅၈၃၉၆၁၂၂/ ၀၉-၈၉၉၉၉၈၀၂၇**

## ကန့်ကွက်နိုင်ပါကြောင်း အများသိရှိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ကျောင်းကုန်း(န/၂၆)ရပ်ကွက်၊ စိန်ချယ်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(န /၅၃)၊ မြေကွက်အမှတ် (၅၈၀ / က+ခ)၊ ဦးထွန်းငွေ(ခ)ထွန်းဝေ အမည်ပေါက် စလစ်(မူရင်း)၊ မြေအကျယ်အဝန်း အလျား(၄၀)ပေxအနံ(၆၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ မြေပေါ်မြေအောက်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဆလိုင်းဂိဒေါင် [၁၂/ရပသ(နိုင်)၀၇၆၃၆၇] ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်ကြည်ကြည်မြင့် [၈ /ပဖန(နိုင်)၀၆၀၉၅၄]က အပြီးအပိုင် ဝယ်ယူရန်အတွက် (စရန်ငွေ) တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသည်ဟု အဆိုရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | | |
|---|---|---|
| **ဒေါ်ညိမ်းညိမ်းထွေး** | **ဒေါ်အေးငြိမ်းသူ** | **ဒေါ်နန့်အိဆုမွန်** |
| **(LL.B,DBL)** | **(LL.B)** | **(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၁၃၃၁၅)** | **(စဉ်-၅၃၂၃၉)** | **(စဉ်-၄၉၄၀၁)** |

**စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်။ ဖုန်း-၀၉-၇၉၃၉၆၇၂၈၄**

## ကန့်ကွက်နိုင်ပါသည်

မော်လမြိုင်မြို့၊ ဘိုကုန်းရပ်ကွက်၊ အကွက်အမှတ်(၆၅/ဘိုကုန်း)၊ ဦးပိုင်အမှတ် (၇၄)၊ မြေချိန် ဧရိယာ (၀.၀၄၀)ဧက၊ ဘိုးဘပိုင် မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ထပ် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့မှာ ဒေါ်ဌေးဌေးဝင်း (ဘ) ဦးဖေတင် [၁၀/မလမ(နိုင်)၀၁၃၁၉၀]နှင့် ဒေါ်မိုးစန္ဒာ (ဘ) ဦးမောင်ကြည် [၁၀/မလမ(နိုင်)၁၇၇၁၄၄]ကိုင်ဆောင်သူတို့အမည်ပေါက်ပိုင်ဆိုင်ပါသည်။ အမည်ပေါက်ပိုင်ရှင် ၎င်းတို့နှစ်ဦးထံမှ မော်လမြိုင်မြို့နယ် မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အိမ်နှင့်မြေအရောင်းအဝယ်ကတိစာချုပ်အမှတ်- ၃၆၉/၂၀၂၃ အရ ဦးဖုန်းမြင့်(ဘ)ဦးစံရွှေ[၁၀/မလမ(နိုင်) ၀၅၁၁၇၁] မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ မူလအမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ဌေးဌေးဝင်းနှင့် ဒေါ်မိုးစန္ဒာအမည်မှာ ဦးဖုန်းမြင့် [၁၀/မလမ(နိုင်) ၀၅၁၁၇၁]အမည်သို့ပြောင်းလဲပေးရန်လျှောက်ထားမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်နေ့မှစ၍(၁၅)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်တကွ မော်လမြိုင်မြို့နယ်၊ လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အမည်ပြောင်းလျှောက်ထားခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိရှိရန် ကြေညာလိုက်သည်။

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန**
**မော်လမြိုင်မြို့။**

## (၇-၁-၂၀၂၄) ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၂၇ တွင် ပါရှိသော တရားလွှတ်တော်ရှေ့နေ ဦးလှရွှေ နှင့် ဒေါ်မြသက်ဝင်းတို့ ကန့်ကွက်ချက်ကို ပြန်လည်ရုပ်သိမ်းပါကြောင်း

ကျွန်ုပ်တို့မိတ်ဆွေဖြစ်သော ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဂဠုန်ရပ်ကွက်၊ သိပ္ပံလမ်း၊ အမှတ် ၈၃ နေ ဦးအောင်နိုင်ဦး [၁၄/ဟကက(နိုင်) ၀၄၅၈၈၈]၊ ဦးဝင်းနိုင်ဦး [၁၄/ဟကက(နိုင်)၀၀၁၂၉၃] နှင့် ဦးထက်မြတ်မင်း [၁၄/ငပတ(နိုင်)၂၅၀၃၅၀]တို့၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာပါသည်-

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဂဠုန်ရပ်ကွက်၊ သိပ္ပံလမ်း၊ အမှတ်-၈၃ ဟုခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ၃ လွှာ (ခေါင်းရင်းခန်း)၊ အကျယ် ၁၂$\frac{1}{2}$' x ၅၀' ရှိ တိုက်ခန်းနှင့် စပ်လျဉ်း၍ အမွေဆိုင်များအကြား ညှိနှိုင်းပြီးနောက် သဘောတူညီချက်ရရှိပြီးဖြစ်၍ ၇-၁-၂၀၂၄ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၂၇ တွင်ပါရှိသော ကန့်ကွက်ချက်ကြော်ငြာကို ပြန်လည်ရုပ်သိမ်းပါကြောင်း ကြေညာပါသည်။ **ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးလှရွှေ** | **ဒေါ်မြသက်ဝင်း** |
| **(စဉ်-၈၉၁၂/၂၁-၃-၂၀၁၃)** | **(စဉ်-၁၈၉၉၄/၂၂-၁၂-၂၀၂၃)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် ၁၂၂ ၊ ပထမထပ်၊ အနော်ရထာလမ်း**
**(ပန်းဆိုးတန်းလမ်းထောင့်)၊ ၄ ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၈၈၀၁၁၂၂၇၉၊ ၀၉-၄၀၁၆၀၂၁၉၁**

## "အများသိစေရန်ကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၁၅) ၊ မြေကွက်အမှတ်- (၄၁)၊ အကျယ်အဝန်း(၆၀ပေx ၈၀ပေ) ၊ ဧရိယာ(၀.၁၁၀)ဧက ၊ (၄၈၀၀)စတုရန်းပေရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်-(၄၁) ၊ တော်ဝင်လမ်းသွယ်(၃)လမ်း၊ (၁၅)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်ဟုခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဦးစောလှမိုး[၁၂/ကမတ(နိုင်)၀၀၁၁၇၀]အမည်ဖြင့်မှတ်သားတည်ရှိပါသည်။ ယခုရောင်းသူ ဦးစောလှမိုးက နှစ်(၆၀)မြေငှားဂရန်မူရင်း၊ ပိုင်ဆိုင်မှုစာချုပ် စာတမ်းမူရင်းများအားပြသပြီး အရှုပ်အထွေးကင်းရှင်းကြောင်း၊ တရားဝင်လက်ရှိထား စီမံခန့်ခွဲလျက်ရှိကြောင်း ဝန်ခံကတိပြုပြီး အပြီးအပိုင်လွှဲပြောင်းရောင်းချလိုကြောင်း အဆိုပြုကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေများဖြစ်သူ ဒေါ်စန္ဒာအောင် [၁၂/သလန(နိုင်)၀၁၀၅၄၃] နှင့် ဦးမျိုးမင်းသန့် [၁၂/သလန(နိုင်)၀၆၅၀၂၁] တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုသူများသည် ဤကြေညာချက်ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက် ကန့်ကွက်ခြင်းမရှိပါက မြေနှင့်အိမ်အရောင်းအဝယ်ကို ဥပဒေအရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်စုသန္တာဝင်း (LL.B , LL.M) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၅၉၈)**
**အမှတ်-၁၇၈၊ အခန်း(၅)၊ ဒုထပ်၊ ဗိုလ်အောင်ကျော်လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၄၃၀၃၁၁၅၀၊ ၀၉-၈၈၀၀၁၅၈၈၁**

## "အများသိစေရန်ကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး ၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၁၅) ၊ မြေကွက်အမှတ်- (၄၂)၊ အကျယ်အဝန်း(၆၀ပေx ၈၀ပေ) ၊ ဧရိယာ(၀.၁၁၀)ဧက ၊ (၄၈၀၀)စတုရန်းပေရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်-(၄၂) ၊ တော်ဝင်လမ်းသွယ်(၃)လမ်း၊ (၁၅)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်ဟုခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဦးစောလှမိုး [၁၂/ကမတ(နိုင်)၀၀၁၁၇၀]အမည်ဖြင့်မှတ်သားတည်ရှိပါသည်။ ယခုရောင်းသူ ဦးစောလှမိုးက နှစ်(၆၀)မြေငှားဂရန်မူရင်း၊ ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများအားပြသပြီး အရှုပ်အထွေးကင်းရှင်းကြောင်း၊ တရားဝင်လက်ရှိထား စီမံခန့်ခွဲလျက်ရှိကြောင်း ဝန်ခံကတိပြုပြီး အပြီးအပိုင်လွှဲပြောင်းရောင်းချလိုကြောင်း အဆိုပြုကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေများဖြစ်သူ ဒေါ်စန္ဒာအောင် [၁၂/သလန(နိုင်)၀၁၀၅၄၃] နှင့် ဦးမျိုးမင်းသန့် [၁၂/သလန(နိုင်)၀၆၅၀၂၁] တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုသူများသည် ဤကြေညာချက်ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက မြေနှင့်အိမ် အရောင်းအဝယ်ကို ဥပဒေအရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စုသန္တာဝင်း (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၅၉၈)**
**အမှတ်-၁၇၈၊ အခန်း(၅)၊ ဒုထပ်၊ ဗိုလ်အောင်ကျော်လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၄၃၀၃၁၁၅၀၊ ၀၉-၈၈၀၀၁၅၈၈၁**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၉)၊ လူနေရပ်ကွက်အမှတ်(၆/၁၂)၊ မကွေးပန်းခြံလမ်း၊ မြေကွက်အမှတ်-၁၈၇/ခ၊ ဦးသိန်းနိုင် နှင့် ဒေါ်ခင်အေးမူ အမည်ပေါက် နှစ် (၆၀) ဂရန်ထွက်ရှိထားသော အကျယ်အဝန်း (၂၀$\frac{1}{2}$ပေ x ၆၀ပေ) ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော ရေမီးစုံပါ လူနေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမည်ပေါက်ပိုင်ရှင်ထံမှ အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပြီး ၎င်းမှသာ လက်ဝယ်ထားရှိပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ယုမွန်လှိုင် [၁၄/ဟသတ(နိုင်)၂၂၉၅၁၆]ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်သက်စုဖုန်း [၁၄/မအန(နိုင်)၂၄၃၉၃၉] မှ ဝယ်ယူရန်အတွက် ရောင်းကြေးငွေအနက်မှ စရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ယင်းအိမ်မြေ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှု အထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ် အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်ယဉ်နှင်းဝေ(LL.B,D.B.L) အထက်တန်းရှေ့နေ(စဉ်-၅၀၄၄၆)**
**အမှတ်(၉၃)၊ နဝရတ်လမ်း၊ (၇)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၉၆၃၆၄၄၅၁၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့၊ သာယာဌေးကျေးရွာ၊ သာယာဌေး(၃)လမ်း၊ မြေအမျိုးအစားရွာမြေ၊ ဧရိယာ(၅၀'x၈၀')မြေကွက်ကို ဒေါ်နော်သန်းသန်းဆွေ [၁၄/မအပ(နိုင်)၀၄၀၁၄၆]မှ ၎င်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံလျက် ရောင်းချမည်ဖြစ်ကြောင်း ကမ်းလှမ်းလာရာ ကျွန်ုပ်ဦးမင်းကျော်လင်းထူး[၁၀/ပမန(နိုင်) ၁၄၈၅၇၄]မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေပြီးဖြစ်၍ အကျိုးသက်ဆိုင်ခွင့်ရှိသူမည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ယနေ့ကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးမင်းကျော်လင်းထူး**
**အမှတ်-417၊ ငမိုးရိပ်(၅)လမ်း၊ အပိုင်း(၃)၊ ငမိုးရိပ်ရပ်ကွက်၊ သဃ်န်းကျွန်း၊ စံပြေဈေး။**
**Ph-09-969739702,09-883491151**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၄/သုဝဏ္ဏ)၊ မြေကွက်အမှတ်($\frac{၁/C}{E}$)အား Asia Express (YGN)Co.LTD ကုမ္ပဏီမှတ်ပုံတင်အမှတ်-105158289 မှ မြေငှားစာချုပ်(ဂရန်)ပြုလုပ်ပေးပါရန် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနသို့ လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် မြေယာဌာနခွဲ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ရုံးအမှတ်(၄၀)၊ နေပြည်တော်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**မြေယာဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**ရုံးအမှတ်(၄၀)၊ နေပြည်တော်**

## ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ၂/က စံပြရပ်ကွက်၊ သပြေလမ်း၊ အမှတ် ၁၂/က ဟုခေါ်တွင်သော အကျယ် ၅၀'/၃၉.၉'x၆၄'/၆၀' ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် ငါးခန်းတွဲ အဆောက်အအုံတို့နှင့်စပ်လျဉ်း၍ ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါ မြေနှင့်အဆောက်အအုံတို့ကို ပိုင်ဆိုင်ကြောင်း အဆိုပြုသူ ဦးအောင်မျိုး [၁၂/မဂဒ(နိုင်)၁၀၄၆၆၁] ထံမှ ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍ (၁၄) ရက်အတွင်း အထောက်အထားစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာပါသည်။

**ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးလှရွှေ** | **ဒေါ်မြသက်ဝင်း** |
| **(စဉ်-၈၉၁၂/၂၁-၃-၂၀၁၃)** | **(စဉ်-၁၈၉၉၄/၂၂-၁၂-၂၀၂၃)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် ၁၂၂ ၊ ပထမထပ်၊ အနော်ရထာလမ်း**
**(ပန်းဆိုးတန်းလမ်းထောင့်)၊ ၄ ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၈၈၀၁၁၂၂၇၉၊ ၀၉-၄၀၁၆၀၂၁၉၁**

## အိမ်နှင့်ခြံရောင်းရန်ရှိသည်

နှစ်ထပ်တိုက်၊ ခြံအကျယ် ၈၀ ပေ x ၆၀ ပေ

အမှတ် (၂၄၅)၊ မြကန်သာလမ်း၊ (၂၉) ရွှေဝါဆန်ရပ်ကွက်၊ သုဝဏ္ဏ

အရှေ့သင်္ဃန်းကျွန်းမြို့နယ်၊ VIP (2) အိမ်ရာ၊ ရန်ကုန်

ဂရန်ပေါက်ပြီး၊ ရေတွင်း၊ မီးအစုံ၊ စည်ပင်ရေရသည်။

ငမိုးရိပ်ချောင်း၊ ကမ်းနားကားလမ်းနှင့်အပြိုင်

၀၉-၄၄၄၈၁၈၃၄၁၊ ၀၉-၇၇၅၂၀၃၅၀

ဦးတင်အောင် ထံဆက်သွယ်ပါ။

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ၂၈-ရပ်ကွက်၊ ဆရာစံလမ်း၊ အမှတ်-၁၅၁ ဟုခေါ်တွင်သော မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၈၊ မြေကွက်အမှတ်-၁၅၁၊ ဧရိယာ(၀.၀၅၆)ဧက၊ မြေအမျိုးအစား-နှစ် (၆၀)ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်း၏ အမည်ပေါက်ပိုင်ရှင် ဒေါ်နီလာလင်း [၆/ထဝန (နိုင်)၀၇၀၁၉၁] က မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့် တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးဟိန်းစိုး** — **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၇၆၄)**

**ဦးသန်းဦး** — **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၈၇၅)**

**အမှတ်(၄၆)၊ ပထမထပ် (ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

ရွှေပြည်သာမြို့နယ်
VIP မြေကွက်များ
ဝယ်လိုသည်
09-5139064

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃အေ)၊ မြေကွက်အမှတ်(၁၅)၊ (၀.၀၄၁)ဧက၊ မြေကွက်တည်နေရာအမှတ်(၁၂)၊ (၁၅၄)လမ်း၊ တာမွေကြီး (က+ဂ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ဦးသန်းဆွေ ဒဗယ်လျူအေဒဗယ် လျူ-၀၂၅၉၁၄၊ ဒေါ်ယုယုခင် တီတီအင်န်-၁၄၀၉၈၆ အမည်ပေါက် နှစ်(၉၀)မြေငှားဂရန်မြေအား အမည်ပေါက် ခင်ပွန်း ဦးသန်းဆွေ ကွယ်လွန်သဖြင့် ကျန်အမည်ပေါက်ဇနီး ဒေါ်ယုယုခင် (ခ) ဒေါ်နုနုခင် (တီတီအင်န်-၁၄၀၉၈၆) [၁၂/တမန(နိုင်)၀၉၈၃၀၁]မှ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ နှစ်(၉၀)မြေငှားဂရန်၊ ဦးသန်းဆွေ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ကွယ်လွန်သူခင်ပွန်း ဦးသန်းဆွေတွင် တစ်ဦးတည်းသော တရားဝင် ဇနီးဖြစ်သူ ဒေါ်နုနုခင် (ခ) ဒေါ်ယုယုခင်သာ ကျန်ရှိခဲ့ပါကြောင်း၊ အခြားသောဇနီး/ မယားတစ်ဦးတစ်ယောက်မှ မရှိပါကြောင်း ကွယ်လွန်သူ ခင်ပွန်း ဦးသန်းဆွေ၏ ပိုင်ဆိုင်ခွင့်အစုအား တရားဝင်အမွေ ဆက်ခံပိုင်ဆိုင်ပါကြောင်း၊ မိမိမှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှ မရှိပါကြောင်း (၁၀-၁၀-၂၃) ရက်စွဲပါ တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်တို့ကို တင်ပြ၍ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ရန်ကုန်မြို့၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ နဝဒေးဥယျာဉ်အိမ်ရာ၊ မေဖလားဝါးလမ်းမ၊ အမှတ် – B/59/5 ဟု ခေါ်တွင်သော မြေနှင့်အိမ် အကျိုးခံစားခွင့်အရပ်ရပ်နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် – ၃/၄၊ မြေကွက်အမှတ် –၁၂၇၊ ဧရိယာ(၀.၀၅၅)ဧက၊ မြေအမျိုးအစား – နှစ် (၆၀) ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်း၏ အမည်ပေါက် ပိုင်ရှင်များဖြစ်သည့် ဒေါ်ခင်စိန် (CG-၀၄၄၆၈၉)နှင့် ဒေါ်အေးအေး (BSNW-၂၀၃၅၉၅) [၎င်းတို့ကိုယ်စား ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်–၁၇၃၇၅/၂၀၁၂ (၂၉-၁၀-၂၀၁၂) ရရှိသူ ဒေါ်တင်တင်အေး (ဘ) ဦးစိန် [၁၂/မရက(နိုင်)၀၆၀၂၁၄]က မိမိတို့ တရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့ မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးဟိန်းစိုး** — **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၇၆၄)**

**ဦးသန်းဦး** — **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၈၇၅)**

**အမှတ် (၄၆)၊ ပထမထပ် (ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## "နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း "

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးကြို့ကျင်းဖာ၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ် [၁၃/လကန(နိုင်)၀၀၃၄၉၃] ကိုင်ဆောင်သူနှင့် ဒေါ်ရန်ရှုကိုင်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ် [၁၃/လကန(နိုင်)၀၀၃၄၉၅] ကိုင်ဆောင်သူတို့သည် တစ်ဦးနှင့်တစ်ဦးစိတ်သဘောထားချင်းမတိုက်ဆိုင်၍ ဆက်လက်ပေါင်းသင်းရန်ဆန္ဒမရှိတော့သဖြင့် (၁၆ -၁ -၂၀၂၄)ရက်နေ့တွင် တရားသူကြီးရှေ့မှောက်၌ "နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်း ကတိစာချုပ်"ချုပ်ဆိုကာကွာရှင်းပြတ်စဲခဲ့ပြီးဖြစ်ပါသည်။ သို့ပါသောကြောင့် ဦးကြို့ကျင်းဖာနှင့် ဒေါ်ရန်ရှုကိုင်တို့သည် တစ်ဦးနှင့်တစ်ဦးဆက်စပ်သက်ဆိုင်ခြင်း အလျဉ်းမရှိတော့ဘဲ နောက်နောင်ကိုလည်း ဦးကြို့ကျင်းဖာ၏ အရေးကိစ္စမှန်သမျှသည် ဒေါ်ရန်ရှုကိုင်နှင့် လုံးဝသက်ဆိုင်ခြင်းမရှိသကဲ့သို့ ဒေါ်ရန်ရှုကိုင်၏ အရေးကိစ္စမှန်သမျှသည်လည်း ဦးကြို့ကျင်းဖာနှင့်လုံးဝ သက်ဆိုင်ခြင်းမရှိတော့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဆွေသီလင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၆၁၀)**
**အမှတ်(၁၂၂)၊ (ဘီ-၅)၊ ငမိုးရိပ်(၉)လမ်း၊ အပိုင်း(၁)၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၀၃၇၂၂၇၆၂**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မိဂသီ(၁၈)လမ်း၊ အမှတ်(၂၄၈)၊ (၅)ထပ်တိုက်၊ ဒုတိယထပ် (၃-လွှာ) ခြေရင်းခန်း၊ (တိုက်မျက်နှာမူလျှင်-ယာ)၊ အကျယ်အဝန်း (အလျား ၁၈ပေ x အနံ ၅၈ပေ)ဟုခေါ်တွင်သည့် တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်အား ပိုင်ဆိုင်ကြောင်း၊ စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိကြောင်း ဖွင့်ဟပြောဆိုဝန်ခံသူ ဦးချမ်းမြေ့လွင် [၁၀/မလမ(နိုင်)၁၆၉၆၅၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူများ ဦးနေလင်းထွန်း [၁၃/တကန(နိုင်)၀၈၈၄၇၁]နှင့် ဒေါ်အိမ္ဗွန် [၁၂/ရကန(နိုင်)၀၇၀၀၃၃] တို့က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ -**
